ကြေးမုံ The Mirror

၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်၊ တနင်္လာနေ့၊ (14-5-2012) (၇၁၂၀)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

အမှာစကား ပြောကြား

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း Reform Strategy ရှင်းလင်းဆွေးနွေး ညှိနှိုင်းခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပြုပြင်ပြောင်းလဲမည့် စီမံချက်မူကြမ်းကို ယခုလကုန်တွင် အပြီးဆောင်ရွက်တင်ပြ

ဝန်ကြီးဌာနများ ပြုပြင်ပြောင်းလဲရာတွင် ဦးစီးဌာနများ ဖောင်းပွနေမှု ရှိ၊ မရှိ၊ လေလွင့်မှု ရှိ၊ မရှိ ပြန်ကြည့်ရန်လို

ညွှန်ကြားရေးမှူးချုပ်အဆင့်မှ အောက်ခြေအထိ ဆက်ဆံပုံ၊ လုပ်ကိုင်ဆောင်ရွက်ပုံများကို ပြောင်းလဲရန်ရှိက ပြောင်းလဲ

နေပြည်တော် မေ ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက် ၈ နာရီတွင် နိုင်ငံတော်သမ္မတရုံး၌ ကျင်းပသည့် Reform Strategy ရှင်းလင်းဆွေးနွေးညှိနှိုင်းခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ဆက်လက်ပြုလုပ်သော နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ထိရောက်သည့် ပြုပြင်ပြောင်းလဲရေးအစည်းအဝေး ပထမပိုင်းတွင် Reform Strategy ကို ရှင်းလင်းဆွေးနွေးကြမည်ဖြစ်ပြီး ဒုတိယပိုင်းတွင် နိုင်ငံတွင်း ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသ ဥက္ကဋ္ဌများ ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်ပါကြောင်း။

Reform လုပ်သည်ဆိုရာတွင် Political Reform, Administration Reform, Economic Reform, Social Reform စသည်တို့အနက် ပြုပြင်ပြောင်းလဲရန် လိုအပ်သည်ကို မြန်မြန်ထက်ထက် ပြုပြင်သွားကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ Mind Set များလည်း ပြုပြင်ပြောင်းလဲရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်သမ္မတကြီး ယမန်နေ့က လမ်းညွှန်ခဲ့သော ဒုတိယအဆင့် ပြုပြင်ပြောင်းလဲရေးသည် လက်တွေ့ ပြည်သူများ လိုလားကြသည့် ပြုပြင်ပြောင်းလဲရေးဖြစ်၍ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

ယ နေ့ သ တ င်း အ ညွှ န်း

ဖွံ့ဖြိုးဆဲနိုင်ငံများမှ မြေယာငှားဝယ်ဆိုင်ရာ ကမ္ဘာ့လမ်းညွှန်ချက် ကုလသမဂ္ဂ ချမှတ်
နိုင်ငံတကာသတင်း စာမျက်နှာ ၄

ဦးဆောင်ဂိုးများကို မထိန်းနိုင်၍ ကမ္ဘောဇကို ရန်ကုန်အမှတ်ခွဲပေးခဲ့ရ
ပြည်တွင်းအားကစား စာမျက်နှာ ၁၀

ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးရမှုနှင့် ဘာသာစကား ပျောက်ကွယ်မှုတို့အကြား ဆက်နွယ်မှုရှိနိုင်
နိုင်ငံတကာသတင်း စာမျက်နှာ ၅

ယူရို ၂၀၁၂ ပြိုင်ပွဲနှင့် လွဲချော်ဖွယ်ရှိသည့် အင်္ဂလန်နောက်တန်းကစားသမား စမောလင်း
နိုင်ငံတကာအားကစား စာမျက်နှာ ၁၀

ရေကြောင်းခရီးစဉ်တွင် iPay ကတ်စနစ် တပ်ဆင်သုံးစွဲခြင်း အဆင်ပြေစေရန် စီစဉ်ဆောင်ရွက်လျက်ရှိ
ပြည်တွင်းသတင်း စာမျက်နှာ ၇

အိုရွှေစင်ဝင်း၏
ရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေး တိုးတက်ပြောင်းလဲရန် လိုအပ်နေပြီလား
ပြည်တွင်းသတင်း စာမျက်နှာ ၉

သက်တမ်းရင့် အပင်ကြီးများဖြစ်၍ ရွှေ့ပြောင်းရန် မဖြစ်နိုင်သဖြင့် အနီစွသဘော ကိစ္စချောသွားခြင်းသာဖြစ်ပါသည်။ ထိုအခါ လမ်းဝပွင့်သွားသဖြင့် ယာဉ်ကြောပိတ်ဆို့မှုမှုလည်း လျော့နည်းသက်သာသွားခဲ့ပြီဖြစ်ပါသည်။ ဆုံးရှုံးခဲ့ရသော အပင်ကြီး ၁၅ ပင်အတွက်သာ သီရိမေ ဖြေသိမ့်မိပါသည်။ သို့သော် ရန်ကုန်မြို့၏ အလှအပ ကျက်သရေဆောင်အဖြစ် ကျန်ရှိနေသေးသော ရေတမာပင်ကြီးများနှင့် ဦးဝိစာရလမ်းမကြီးကိုဖြင့် ပြည်သူများက ဆက်လက်မြတ်နိုးနေဦးမည်၊ သက်ဆိုင်ရာကလည်း ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နေဦးမည်ဟု သီရိမေ မျှော်လင့်လျက်။ သီရိမေ၏ သတင်းမှတ်စု စာမျက်နှာ - ၉

ကြေးမုံစာတည်းရှုထောင့်

၁၄-၅-၂၀၁၂[တနင်္လာနေ့]။

ပြည်သူ့အင်အားရရှိရေး ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်

နိုင်ငံ၏လူဦးရေအမှန်ကိုသိမှသာ ထိုနိုင်ငံထိုလူမျိုးများ၏ ဘဝအခြေအနေမှန်ကို ဆန်းစစ်လေ့လာနိုင်မည်ဖြစ်ပါသည်။ နိုင်ငံအတွင်းရှိ များပြားလှသည့် လူဦးရေ၏ တစ်ဦးချင်းအခြေအနေကို လေ့လာရန်ခက်ခဲလှသည်။ နိုင်ငံအတွင်းရှိ ပကတိအရှိလူဦးရေကိုသိရှိမှသာ လူအများစုအခြေအနေကို လွှမ်းခြုံလေ့လာ ခြုံငုံသုံးသပ် အကဲဖြတ်နိုင်မည်ဖြစ်သည်။ ထိုသို့သိရှိမှသာ ပြည်သူတို့၏အကျိုးစီးပွားကိုဖော်ဆောင်ရာတွင် မှန်ကန်သော ရှုမြင်ဆောင်ရွက်မှုပြုနိုင်မည်ဖြစ်၍ လူဦးရေစာရင်းကောက်ယူခြင်းသည် နိုင်ငံသားအားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေးအသွင်ဆောင်ပါသည်။

မြန်မာနိုင်ငံ၏ ယနေ့လက်ရှိလူဦးရေမှာ သန်း ၆၀ ဟုဆိုထားသည်။ အဆိုပါလူဦးရေမှာ အမှန်ကိန်းဂဏန်းထက် ပျမ်းမျှတွက်နှုန်း ကိန်းဂဏန်းမျှသာ ဖြစ်သည်။ ထိုသို့ရှိသည်မှာလည်း လူဦးရေစာရင်းကောက်ယူခဲ့သည့် ကာလမှာ ဝေးကွာခဲ့ခြင်း၊ ကာလ၊ ဒေသ၊ လူတို့၏ဘဝအခြေအနေအမျိုးမျိုးတို့ကြောင့် တိုးတက်၊ ပျောက်ဆုံး၊ ကွယ်ပရသည့်အခြေအနေတို့မှာလည်း အမှန်မသိရခြင်းတို့မှဖြစ်သည့် ကိန်းဂဏန်းဖြစ်ပေရာ ခန့်မှန်းစာရင်းဟု ဆိုနိုင်သည်။ သို့ဖြင့် လူဦးရေစာရင်းအမှန်ရရှိရန်အတွက် နိုင်ငံတော်က လာမည့် ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်တော့မည်ဟု ကြားသိလိုက်ရသည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးနောက် ၁၉၅၃ ခုနှစ်တွင် မြို့နယ်ပေါင်း ၂၅၂ မြို့နယ်နှင့် ချင်းပြည်နယ်၊ ၁၉၅၄ ခုနှစ်တွင် မြန်မာပြည် ပြည်မ ကျေးရွာအုပ်စု ၂၁၄၃ အုပ်စုနှင့် ကချင်ပြည်နယ်ရှိ ကျေးရွာအုပ်စု ၁၀၁၆ အုပ်စုတို့တွင် သန်းခေါင်စာရင်းများကောက်ယူခဲ့ကြသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ၁၉၇၃ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၈၃ ခုနှစ်တွင် တစ်ကြိမ်ကောက်ယူခဲ့ကြသည်။ ထိုသို့သန်းခေါင်စာရင်းများကောက်ယူခဲ့ကြရာတွင် ခေတ်စနစ်အလိုက် ရည်ရွယ်ချက်အမျိုးမျိုးထားခဲ့ကြသည်။

၁၉၇၃ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရာတွင် ဆိုရှယ်လစ်စီးပွားရေးစီမံကိန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းရေးနှင့် ရွေးချယ်တင်မြှောက်ပွဲမဲစာရင်းများရရှိရေးတို့အတွက် ရည်ရွယ်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ထိုမှနောက် ၁၀ နှစ်အကြာ ၁၉၈၃ ခုနှစ်တွင် သန်းခေါင်စာရင်းထပ်မံကောက်ယူခဲ့ရာတွင် နိုင်ငံ၏အခြေခံစာရင်းအင်းများ ရရှိရန်၊ လူဦးရေအရည်အသွေးဆန်းစစ်ခြင်း၊ မွေးဖွား၊ သေဆုံး၊ ပြောင်းလဲမှုအခြေအနေခန့်မှန်းခြင်းနှင့် လူဦးရေ သုတေသနလုပ်ငန်းများပြုလုပ်ရန်တို့အတွက်ဖြစ်သည်။

ယခု ၂၀၁၄ ခုနှစ်တွင် ကောက်ယူမည့်သန်းခေါင်စာရင်းသည် ယခင်ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းများ၏ရည်ရွယ်ချက်များထက် အနှစ်သာရပိုမိုပြည့်စုံသည်ကိုတွေ့ရသည်။ ၁၉၈၃ ခုနှစ်က ကောက်ယူခဲ့သော လုပ်ငန်းစဉ်များနှင့်အလားသဏ္ဌာန်တူသကဲ့သို့ ပို၍ထူးခြားလေးနက်သည်မှာ တိုင်းရင်းသားမျိုးနွယ်စုများနှင့် ပတ်သက်သည့်မျိုးနွယ်စုများ၏အမည်၊ အခေါ်အဝေါ်များအား မှန်မှန်ကန်ကန်ပြုစုနိုင်ရန်၊ ၎င်းတို့၏ နေရပ်ဒေသ တည်ရှိမှုများကို မှန်မှန်ကန်ကန်ဆန်းစစ်နိုင်ရန်နှင့် နိုင်ငံတော်၏လူဦးရေမူဝါဒများ ချမှတ်ဆောင်ရွက်နိုင်ရန်တို့ ဖြစ်သည်ကို တွေ့ရသည်။

၁၉၈၃ ခုနှစ်က ကောက်ယူခဲ့သောသန်းခေါင်စာရင်းအရ အခြေအနေတို့သည် ယခုနှစ်ပေါင်း ၃၀ ခန့်တွင် များစွာပြောင်းလဲသွားခဲ့ပြီဖြစ်သည်။ ထိုမျှနှစ်ကာလအတွင်း ပြောင်းရွှေ့ကွယ်ပျောက်မှုအခြေအနေများမှာ များစွာခြားသွားခဲ့သည်။ လူဦးရေစာရင်းဇယားရရှိခြင်းနှင့်အတူ လက်ရှိဖြစ်ပေါ်နေသော လူတို့၏အခြေအနေမှန်များမှာ ထင်ရှားပေါ်လွင်လာမည်ဖြစ်သည်။ အထူးသဖြင့် အုပ်ချုပ်မှုနှင့်လက်လှမ်းမမီသည့် ဝေးလံသောဒေသနှင့် နယ်စွန်နယ်ဖျားဒေသမှ ပြည်သူများ၏အခြေအနေမှန်များကို ပိုမို၍သိရှိထိုက်ပေသည်။

သို့ဖြစ်၍ အမျိုးသားရေးတာဝန်ဖြစ်သည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကြီးသည် စစ်မှန်သောပြည်သူ့အင်အား ရရှိရေးအတွက် ပြည်သူတစ်ရပ်လုံးပါဝင်ရမည့်လုပ်ငန်းဖြစ်သည်။ ထိုလုပ်ငန်းကြီးအောင်မြင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူလူထုတစ်ရပ်လုံးက အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်နိုင်ရန် အားခဲထားဖို့လိုပါကြောင်း အသိပေးနှိုးဆော်လိုက်ရပါသည်။ ။

၂၀၁၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနှစ် အထိမ်းအမှတ် ဈေးပွဲတော်ဖွင့်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် မေ ၁၃

၂၀၁၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနှစ်အထိမ်းအမှတ် ဈေးပွဲတော်ဖွင့်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို မေ ၁၂ ရက် နံနက် ၉ နာရီခွဲတွင် တောင်ကြီးမြို့ သမဝါယမ သင်တန်းကျောင်း၌ ကျင်းပရာ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းခမ်းမှတ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ပြည်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးခွန်သိန်းမောင်၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးတူးမောင်နှင့် ဌာနဆိုင်ရာများ၊ ရှမ်းပြည်နယ် သမဝါယမအသင်းစုချုပ်များ၊ မြို့နယ်သမဝါယမ အသင်းစုများ၊ အခြေခံသမဝါယမ အသင်းများနှင့် ဆုရရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ယုယုအေးက အပြည်ပြည်ဆိုင်ရာ သမဝါယမနှစ် အထိမ်းအမှတ်ဈေးပွဲတော်နှင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် စာစီစာကုံးပြိုင်ပွဲ အလွတ်တန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသူများအား ပြည်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးခွန်သိန်းမောင်ကလည်းကောင်း၊ အခြေခံပညာအဆင့်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသူများအား ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးတူးမောင်ကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် သမဝါယမအသင်းစုများ၏ ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဈေးပွဲတော်တွင် သမဝါယမအသင်းစုများက ဆိုင်ခန်းပေါင်း ၄၃ ခန်း ဖွင့်လှစ်ရောင်းချကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အရန်ဓာတ်အားပေးစက်များချထား၍ ဓာတ်အားပေးနိုင်ရေး ကြိုတင်ဆောင်ရွက်နေမှုများ လိုက်လံကြီးကြပ်ဆောင်ရွက်

ရန်ကုန် မေ ၁၃

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခိုင်သည် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်လတ်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားရရှိမှု လျော့နည်းလာသည့်အချိန်၌ လူစည်ကားပြီး အသွားအလာများပြားသည့် အချက်အချာကျသော နေရာများတွင် အများပြည်သူလုံခြုံရေးနှင့် သွားလာမှု လွယ်ကူအဆင်ပြေချောမွေ့စေရေးတို့အတွက် အရန်ဓာတ်အားပေးစက်များချထား၍ ဓာတ်အားပေးနိုင်ရေး ကြိုတင်ဆောင်ရွက်နေမှုများကို လိုက်လံကြီးကြပ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရန်ကုန်မြို့ ကမ်းနားလမ်း မော်တင်ဆိပ်ကမ်း၌ 500 KVA ၊ ဆူးလေဘုရားလမ်း မြဝတီဘဏ်အနီး၌ 340 KVA ၊ ဗိုလ်အောင်ကျော်လမ်းနှင့် ကုန်သည်လမ်းထောင့်၌ 350 KVA၊ သာကေတအဝိုင်း၌ 140 KVA၊ သစ္စာလမ်းနှင့် ဝေဇယန္တာလမ်း၌ 250 KVA၊ လှည်းတန်းလမ်းဆုံ၌ 375 KVA၊ လှည်းတန်းနှင့် ဆင်မလိုက်ကြား၌ 150 KVA ၊ စော်ဘွားကြီးကုန်း၌ 340 KVA စုစုပေါင်း မီးစက်ရှစ်လုံးတို့ကို ချထား၍ ကြိုတင်စီမံဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခိုင် ဆူးလေဘုရားလမ်း မြဝတီဘဏ်အနီးတွင် 340 KVA အရန်ဓာတ်အားပေးစက်များ ချထား၍ ဓာတ်အားပေးနိုင်ရေး ကြိုတင်ဆောင်ရွက်နေမှုကို ကြီးကြပ်စီမံဆောင်ရွက်ပေးစဉ်။

(သတင်းစဉ်)

ကမ္ဘာ့မှတ်တမ်းကော်မတီ အထွေထွေအစည်းအဝေးသို့ တက်ရောက်

ရန်ကုန် မေ ၁၃

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မေ ၁၄ ရက်မှ ၁၇ ရက်အထိကျင်းပမည့် ပဉ္စမအကြိမ်မြောက် အာရှပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့မှတ်တမ်းကော်မတီ အထွေထွေအစည်းအဝေးသို့ တက်ရောက်ရန် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ဒေါ်ကေသီ ကထိက(အင်္ဂလိပ်စာ)သည် ယနေ့နံနက် ၉ နာရီတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၄-၅-၂၀၁၂ (တနင်္လာနေ့)

၇း၀၀	ပရိတ်တရားတော်
၇း၁၅	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
၇း၂၅	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	နံနက်ခင်းသတင်း
၇း၄၀	သံသာချိုအေးမင်္ဂလာတေး
၈း၁၀	"တက္ကစီမီတာသင်လိုရာ"
၈း၂၀	အတီးပြိုင်ပွဲ
၈း၂၅	"ရတနာပုံဖန်ပြွန်အလင်းမျှင်ဝါယာကြိုးစက်ရုံ"
၈း၃၀	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၈း၄၀	International News
၉း၃၅	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
၅း၁၀	မြန်မာစာ၊ မြန်မာစကား
၅း၂၅	မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၁၅	မိုးလေဝသအခြေအနေ
၆း၂၀	ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀	**နိုင်ငံခြားဇာတ်လမ်းတွဲ "ဖေဖေ့သမီး" (အပိုင်း-၂)**
၈း၀၀	ပြည်တွင်းသတင်း -နိုင်ငံတကာသတင်းများ -မိုးလေဝသအခြေအနေ -ကမ္ဘာကျော်သရုပ်ဆောင်များ -နိုင်ငံခြားဇာတ်လမ်းတွဲ "ရူမငြီးတဲ့ချစ်သမီး" (အပိုင်း-၅) -အိန္ဒိယရုပ်ရှင် "ခေါင်းကိုင်မိခင်" (အပိုင်း-၁)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၃ - ၅ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ(ကျပ်)	၈၂၇. ၀၀၀	၀. ၀၀၁၂၁
ထိုင်း (ဘတ်)	၃၁. ၂၀၀၀	၀. ၀၃၂၀၅
တရုတ် (ယွမ်)	၆. ၃၁၁၃၀	၀. ၁၅၈၄၅
အိန္ဒိယ (ရူပီး)	၅၃. ၆၂၈၀	၀. ၀၁၈၆၅
မလေးရှား (ရင်းဂစ်)	၃. ၀၇၁၆၀	၀. ၃၂၅၅၆
စင်ကာပူ (ဒေါ်လာ)	၁. ၂၅၂၆၅	၀. ၇၉၈၃၁
ဂျပန် (ယန်း)	၇၉. ၉၄၀၀	၀. ၀၁၂၅၁
တောင်ကိုရီးယား(ဝမ်)	၁၁၄၈. ၁၉	၀. ၀၀၀၈၇
ယူရို	၀. ၇၇၄၂၅	၁. ၂၉၁၅၇
ဗြိတိသျှ (ပေါင်)	၀. ၆၂၂၁၈	၁. ၆၀၇၂၅

အင်တာနက်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၄-၅-၂၀၁၂ (တနင်္လာနေ့)

၇း၀၅	တရားတော်
၈း၁၅	ဇာတ်လမ်းတို
၄း၁၅	စိုက်ပျိုးသုတ
၄း၂၅	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅	ဗွီစီဒီကျော်ကြားတေး
၅း၀၀	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၂၀	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ဟာသလွင်ပြင်" (အပိုင်း-၁၀၅) (ဇာတ်သိမ်း)**
၆း၂၀	သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ထောင်စုနှစ်သမီးပျို (အပိုင်း-၁၇)**
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -Talk of The Town -မေးမြန်းစူးစမ်း -ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တမလွန်မှ ပြောသောစကား" (အပိုင်း-၂၁)** -Mini Series

ရန်ကုန်မြို့ ဒဂုံမြို့နယ် အလုံလမ်းနေ ဦးမျိုးသိန်း၏ မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းအတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့် လက်ခံစဉ်။ (ကြေးမုံ)

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့်ဇနီး ရွှေဘုန်းပွင့်စေတီတော် ဆဋ္ဌမအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများ ပြီးမြောက်ခြင်း ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာနှင့် ရေစက်ချအနုမောဒနာ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညို

ရန်ကုန် မေ ၁၃

ရွှေဘုန်းပွင့်စေတီတော် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်း ဗဟိုဦးစီးကော်မတီနာယက ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်ရင်ပြင်ရှိ သာသနဇောတိကမ္ဗာရုံ၌ ကျင်းပသည့် ရွှေဘုန်းပွင့်စေတီတော် ဆဋ္ဌမအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများ ပြီးမြောက်ခြင်း ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာနှင့် ရေစက်ချအနုမောဒနာ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ရွှေဘုန်းပွင့်စေတီတော် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်း ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် ဂေါပကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဗဟိုဦးစီးကော်မတီနာယက ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် စေတီတော်အထက်သို့ တက်ရောက်၍ စေတီတော်၏ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ကြည့်ရှုစစ်ဆေးပြီး စေတီတော်အား ပန်း၊ နံ့သာရည်တို့ဖြင့် ဆက်ကပ်ပူဇော်သည်။

ယင်းနောက် ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်များက ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ထို့နောက် ရွှေဘုန်းပွင့်စေတီတော် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်း ဗဟိုဦးစီးကော်မတီနာယက ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ရွှေဘုန်းပွင့်စေတီတော် ဆဋ္ဌမအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများ ပြီးမြောက်ခြင်းအတွက် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာနှင့် ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပရခြင်းအကြောင်း ဇယမင်္ဂလာအနုမောဒနာစာတမ်းကို ဖတ်ကြားလျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ စစ်ကိုင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဓမ္မာနန္ဒထံမှ ဗဟိုဦးစီးကော်မတီနာယက ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ စစ်ကိုင်းဆရာတော်ထံမှ ရေစက်ချအနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ရွှေဘုန်းပွင့်စေတီတော် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်း ဗဟိုဦးစီးကော်မတီနာယက ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဇနီးနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဆဋ္ဌမအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများနှင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော် အသစ်တပ်ဆင်ခြင်းလုပ်ငန်းကို ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒများကို ခံယူလျက် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ဆောင်ရွက်ခဲ့ရာ ဧပြီ ၃၀ ရက်တွင် အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့သည်။

ယခု ဆဋ္ဌမအကြိမ် ဘက်စုံလုပ်ငန်းတွင် စေတီတော်မြတ်ကြီးနှင့် အရံစေတီတော်များ လုံးတော်ပြည့် မျက်ပါးရွှေသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ခြင်း၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ အသစ်လဲလှယ်၊ တပ်ဆင်ပူဇော်ခြင်း၊ စေတီတော်ကြီး၏ ကြံ့ခိုင်မှုစစ်ဆေးခြင်း၊ ဂြိုဟ်တိုင်ရှစ်တိုင် အသစ်လဲလှယ်ပူဇော်ခြင်း၊ သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံပြင်ဆင်ဆေးသုတ်ခြင်း၊ စေတီတော်ကြီးနှင့် သာသနိကအဆောက်အအုံများရှိ လျှပ်စစ်မီးကြိုးများအားစစ်ဆေးခြင်း၊ အသစ်လဲလှယ်တပ်ဆင်ခြင်း၊ မီးဆလိုက် မီးလုံး မီးချောင်းများ အသစ်လဲလှယ်တပ်ဆင်ခြင်း၊ စေတီတော်ဝင်းအတွင်းရှိ ပျက်စီးနေသည့် နေပူခံကျောက်ပြားများ အသစ်လဲလှယ်တပ်ဆင်ခြင်း၊ စက်ဖြင့်သန့်ရှင်းရေးပြုလုပ်ခြင်း၊ စေတီတော်ပတ်လည်ရှိ မဟာရံတံတိုင်းများ ဆေးသုတ်မွမ်းမံခြင်း၊ အလှူရှင်များ ကမွည်းကျောက်ပြား သန့်ရှင်းရေးပြုလုပ်ဆေးသုတ်ခြင်း၊ စေတီတော်ကြီး ပတ်လည်ရှိ ရေမြောင်းများနှင့် စေတီတော်ကြီး မဟာရံတံတိုင်းပတ်လည်ရှိ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရန် ဆောင်ရွက်ခြင်းနှင့် အများသုံးအဆင့်မြင့်သန့်စင်ခန်း ပြုပြင်မွမ်းမံခြင်း စသည်တို့ကို ဆောင်ရွက်ပြီးစီးခဲ့သည်။

ယခုဘက်စုံတွင် စိန်ဖူးတော်အသစ်နှင့် ငှက်မြတ်နားတော်အသစ်တို့ကို ခေတ်မီတာရှည်ခံ နည်းစနစ်များဖြင့် စေတီတော်ကြီးနှင့် လိုက်လျောညီထွေ ပနံသင့် သပ္ပာယ်စေမည့် အတိုင်းအတာဖြင့် ကပ်လှူပူဇော်ခဲ့သည်။

စိန်ဖူးတော်အသစ်၏ သပိတ်အိုးသည် မူလသပိတ်အိုးထက် နှစ်ဆခန့်ကြီးပြီး ရတနာများ ပိုမိုထည့်သွင်းပူဇော်နိုင်မည်ဖြစ်သကဲ့သို့ ငှက်ပျောဖူးတော်အသစ်၏အလျား၊ အနံတို့ မူလထက်ကြီးလာသောကြောင့် ရတနာများ ပိုမိုချိတ်ဆွဲပူဇော်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ ထို့အတူ ငှက်မြတ်နားတော်အသစ်သည် လေတိုက်နှုန်းအရ အလိုက်သင့် သွက်လက်စွာလည်ပတ်နေစေရန် ရွှေတိဂုံစေတီတော်ကြီးနှင့် နောင်တော်ကြီး စေတီတော်ကြီးတို့၏ ငှက်မြတ်နားတော်များကဲ့သို့ လေတိုက်ပါက သွက်သွက်လည်နေစေရန် Ball Bearing စနစ်အသစ်ကို တပ်ဆင်ပြုလုပ်အသုံးပြုထားသည့်အတွက် ငှက်မြတ်နားတော်ကြီးသည် သွက်လက်စွာလည်ပတ်ကာ နှစ်ကြာရှည်စွာ ခိုင်ခံ့နေမည်ဖြစ်သည်။

ဆဋ္ဌမအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများကို (၇)ရက်သားသမီးများ၏ အလှူငွေများဖြင့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်အသစ်ကိုလည်းကောင်း၊ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း၊ ရင်ပြင်တော်နှင့် သာသနိက အဆောက်အအုံများ မွမ်းမံပြင်ဆင်ခြင်းများကိုလည်းကောင်း လှူဒါန်းပူဇော်ထားပြီးဖြစ်ကြောင်း သိရသည်။

စေတီတော်ကြီး ယခုကဲ့သို့ တင့်တယ်သပ္ပာယ်စွာဖြင့် ဘုရားဖူးများ စိတ်ချမ်းသာစွာ ကြည်ညိုဖူးမြော်နိုင်ရန်အတွက် ဘက်စုံလုပ်ငန်းများ အဆင့်ဆင့်လုပ်ဆောင်ခဲ့ရာ ပထမအကြိမ် ဘက်စုံလုပ်ငန်းများကို ၁၉၉၀-၁၉၉၁ ခုနှစ်တွင် လည်းကောင်း၊ ဒုတိယအကြိမ် ဘက်စုံလုပ်ငန်းများကို ၂၀၀၁-၂၀၀၂ ခုနှစ်တွင် လည်းကောင်း၊ တတိယအကြိမ် ဘက်စုံလုပ်ငန်းများကို ၂၀၀၄ ခုနှစ်တွင်လည်းကောင်း၊ စတုတ္ထအကြိမ် ဘက်စုံလုပ်ငန်းများကို ၂၀၀၆-၂၀၀၇ ခုနှစ်တွင် လည်းကောင်း၊ ပဉ္စမအကြိမ် ဘက်စုံလုပ်ငန်းများကို ၂၀၀၈-၂၀၀၉ ခုနှစ်တွင် လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် ဆဋ္ဌမအကြိမ် ဘက်စုံလုပ်ငန်းများကိုလည်းကောင်း အဆင့်ဆင့်ဆောင်ရွက်ခဲ့ပြီး သာသနိကအဆောက်အအုံများ အပိုင်းတွင် လည်းကောင်း၊ ရင်ပြင်တော် ကျောက်ပြားအပိုင်းတွင် လည်းကောင်း၊ လျှပ်စစ်မီး သွယ်တန်းမှုများတွင်လည်းကောင်း၊ စေတီတော်မြတ်ကြီး ကိုယ်လုံးတော်ကြံ့ခိုင်ရေးတွင် လည်းကောင်း ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည်များကို စီမံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီက ကြီးမှူးဖွင့်လှစ်ခဲ့သည့် သင်တန်းများဆင်းပွဲတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင် ဆုရရှိကြသူများအား ဆုများပေးအပ်စဉ်။

(သတင်းစဉ်)

ဒုတိယရှေ့နေချုပ် မွန်ပြည်နယ်ဥပဒေချုပ်ရုံးမှ ဝန်ထမ်းများနှင့်တွေ့ဆုံ

နေပြည်တော် မေ ၁၃

ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဝင်းတို့သည် မေ ၁၂ ရက် နံနက် ၁၀ နာရီတွင် မွန်ပြည်နယ်ဥပဒေချုပ်ရုံးသို့ရောက်ရှိပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများ၏ ရုံးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဥပဒေအရာရှိများနှင့်တွေ့ဆုံ၍ တတိယမဏ္ဍိုင်ဖြစ်သည့် တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်မှန်ကန်ရေး အားလုံးဝိုင်းဝန်းကူညီဆောင်ရွက်ရန်လိုအပ်ကြောင်း၊ တိုင်းရင်းသားပြည်သူများလိုလားသည့် တည်ငြိမ်အေးချမ်းသာယာဝပြောရေးအတွက် အားလုံး တန်းတူညီတူအခွင့်အရေးရရှိရေး၊ တရားဥပဒေ၏အောက်တွင် ငြိမ်းချမ်းသာယာစွာ နေထိုင်နိုင်ရေး၊ ဥပဒေ၏ရှေ့တွင် အားလုံးတူညီတူမျှဖြစ်စေရေး၊ ဥပဒေအရာရှိများသည် မိမိ၏ အားနည်းမှု၊ ပေါ့ဆမှု၊ အဂတိလိုက်စားမှုမရှိဘဲ ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ပြီး စေတနာထားဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဥပဒေချုပ် ဦးဝင်းကြည်က ပြည်နယ်ဥပဒေချုပ်ရုံး၏ ဆောင်ရွက်ချက်များကို တင်ပြပြီး ပြည်နယ်ဥပဒေအရာရှိက (၁)နှစ်တာလုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ခရိုင်နှင့်မြို့နယ် ဥပဒေအရာရှိများက ခရိုင်၊ မြို့နယ်အလိုက် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဝင်းနှင့် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးတို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် မေ ၁၃

မေ ၁၃ ရက် ညနေ ၄ နာရီ ၀၇ မိနစ် ၃၆ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၁၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းကို ဗဟိုပြု၍ အင်အားရစ်(ခ်ျ)တာစကေး ၃ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ယဉ်ကျေးမှုကွဲပြားခြားနားခြင်းဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးမှ ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၁၃

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့၌ မေ ၉ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့သည့် အာရှပစိဖိတ်ဒေသအတွင်းရှိ ယဉ်ကျေးမှု ကွဲပြားခြားနားခြင်းဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ခဲ့သော ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ်(စီမံ) ဦးထွန်းအုံသည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်၊ ဌာနမှူး (စီမံ/ဘဏ္ဍာ)နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၄-၅-၂၀၁၂ (တနင်္လာနေ့)

၅း၄၀ “ဦးချရင်းနဲ့အသေပြင်ဆင်” တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)

၉း၄၅ ရတနာဉာဏ်ရောင်ဆရာတော်၏ ဝိဇာတပူဇာမင်္ဂလာအခမ်းအနား

၁၂း၃၀ Myanmar Cooking Master (ဒုတိယအဆင့်) (ပွဲစဉ်-၅)

၂း၂၀ ဘဝရဲ့ချောက်ကမ်းပါးစွန်း အူမကြီးကင်ဆာနှင့် ပြန်ရည်ကျိတ်ကင်ဆာ

၂း၅၀ Double Strong Cup ပိုက်ကျော်ခြင်းပြိုင်ပွဲ

၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အဖြူရောင်တိမ်တိုက်လေး” (အပိုင်း-၂၂)**

၇း၄၀ သီချင်းကောင်းကောင်း သီချင်းတောင်း

၈း၃၀ **မြန်မာရုပ်သံဇာတ်လမ်းတွဲ** The Sign of Love (အချစ်သင်္ကေတ)(အပိုင်း-၅)

၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ဘဝအားမာန်” (အပိုင်း-၃၆)**

၁၀း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နှလုံးသားပုံဖော်ရာ” (အပိုင်း-၈)**

၁၁း၃၀ ကျောက်ကပ်လှူခြင်းဆိုင်ရာ ကျန်းမာရေးဗဟုသုတများ (ပါမောက္ခဒေါက်တာစောနောင်)

၄း၁၀ ငွေဆောင်ဒေသရဲ့ သရက်တောထိုးမုန့်

 နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

မြောက်ကိုရီးယား တင်းမာမှုလျှော့ပါးရေး တရုတ်၊ တောင်ကိုရီးယား၊ ဂျပန်တို့ ကြိုးစားကြမည်

ပေကျင်း မေ ၁၃

တရုတ်၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှ ခေါင်းဆောင်များက ၎င်းတို့သည် ကိုရီးယားကျွန်းဆွယ်တင်းမာမှု လျှော့ပါးသွားစေရေးအတွက် အတူတကွကြိုးစားဆောင်ရွက်ကြမည်ဖြစ်ကြောင်း တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

အရှေ့အာရှ စီးပွားရေးအင်အားကြီးသုံးနိုင်ငံသည် ဒေသတွင်း လွတ်လပ်စွာကုန်သွယ်မှုနယ်မြေ ထူထောင်ရန် အခြေခံအုတ်မြစ် ချမှတ်ခြင်းအားဖြင့် စီးပွားရေးအရ ဆက်ဆံမှုများ ခိုင်မာတောင့်တင်းရေး တစ်ဆင့်တက် ကြိုးပမ်းခဲ့ကြသည်။

အရှေ့အာရှ၏ စီးပွားရေး ၉၀ရာခိုင်နှုန်းကို ဆုပ်ကိုင်ထားသည့် ယင်းနိုင်ငံများသည် ငါးကြိမ်မြောက် သုံးနိုင်ငံထိပ်သီးဆွေးနွေးပွဲကို ကျင်းပလျက်ရှိသည်။

တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က အိမ်ရှင်အဖြစ်လက်ခံ၍ တောင်ကိုရီးယားသမ္မတ လီမြောင်ဘတ်နှင့် ဂျပန်ဝန်ကြီးချုပ် ယိုရှီဟီကို နိုဒတို့ တက်ရောက်ကြသည်။

မြောက်ကိုရီးယားနိုင်ငံ၏ နောက်ထပ်မည်သည့် ရန်စမှုမျိုးကိုမဆို လက်ခံနိုင်မည်မဟုတ်ဟု သုံးနိုင်ငံ ခေါင်းဆောင်များက သဘောထားတူညီကြကြောင်း လီကပြောသည်။

လွန်ခဲ့သည့်လက မြောက်ကိုရီးယား၏ ဒုံးကျည်ပစ်လွှတ်မှုမအောင်မမြင်ဖြစ်ပြီးနောက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အရေးယူမှုပြုလုပ်ခဲ့သည်။ ယခုအခါတွင်လည်း ယင်းနိုင်ငံက နျူကလီးယား စမ်းသပ်ဖောက်ခွဲမှုပြုလုပ်ရန် ပြင်ဆင်နေသည့်အတွက် စိုးရိမ်ပူပန်လျက်ရှိကြသည်။

တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က သက်ဆိုင်နိုင်ငံအားလုံး ဆွေးနွေးရေးစားပွဲဝိုင်းသို့ ပြန်လည်သွားကြရန် တိုက်တွန်းသည်။

တရုတ်နိုင်ငံသည် လုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်ဖြစ်၍ မြောက်ကိုရီးယား၏ အရင်းနှီးဆုံးမိတ်ဆွေနိုင်ငံလည်းဖြစ်သည်။

မြောက်ကိုရီးယားမှ ထပ်မံရန်စမှုပြုလုပ်ခြင်းကို ကာကွယ်ရန် ပေကျင်း၊ တိုကျိုနှင့် ဆိုးလ်တို့က အတူတကွ ကြိုးစားကြမည်ဟု ဂျပန်ဝန်ကြီးချုပ်က ပြောသည်။

ယခုကျင်းပလျက်ရှိသည့် ထိပ်သီးညီလာခံတွင် သုံးနိုင်ငံအကြား လွတ်လပ်စွာကုန်သွယ်ရေးနယ်မြေ ထူထောင်ရန်အတွက် လမ်းဖွင့်ပေးသည့်အနေဖြင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ယခုနှစ်ကုန်ပိုင်းတွင် လွတ်လပ်စွာကုန်သွယ်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှုစတင်ရန် ၎င်းခေါင်းဆောင်များက သဘောတူညီခဲ့ကြသည်။ **အင်တာနက်။**

အရှေ့အာရှမှ နိုင်ငံ့ခေါင်းဆောင်များဖြစ်ကြသော လီမြောင်ဘတ်၊ ဝမ်ကြားပေါင်နှင့် ယိုရှီဟီကို နိုဒတို့သုံးဦးကို သုံးနိုင်ငံ ထိပ်သီးဆွေးနွေးပွဲ၌ တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဖွံ့ဖြိုးဆဲနိုင်ငံများမှ မြေယာငှား/ဝယ်ဆိုင်ရာ ကမ္ဘာ့လမ်းညွှန်ချက် ကုလသမဂ္ဂ ချမှတ်

နယူးယောက် မေ ၁၃

ဖွံ့ဖြိုးဆဲနိုင်ငံများမှ မြေယာများကို ဝယ်ယူလျက်ရှိသော ချမ်းသာကြွယ်ဝသည့် နိုင်ငံများလိုက်နာရန်အတွက် ကမ္ဘာ့လမ်းညွှန်ချက်ကို ကုလသမဂ္ဂကချမှတ်လိုက်ကြောင်း မေ ၁၁ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါ မြေယာများအပေါ် ထွန်ယက်စိုက်ပျိုး၍ ဘဝရပ်တည်နေကြရသော တိုင်းရင်းသားပြည်သူများ၏ အခွင့်အရေးကို ကာကွယ်ရန် သက်ဆိုင်ရာအစိုးရများအား အဆိုပါစည်းမျဉ်းများတွင် တောင်းဆိုထားသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်းက ဝယ်ယူပြီးဖြစ်သော သို့မဟုတ် ငှားရမ်းထားပြီးဖြစ်သော မြေပမာဏမှာ ဗြိတိန်နိုင်ငံအကျယ်အဝန်းထက် ရှစ်ဆပိုမိုခဲ့ပြီး ဟက်တာသန်း ၂၀၀ ရှိမည်ဟု ခန့်မှန်းတွက်ချက်ထားသည်။ ယင်းမြေ၏ အများစုမှာ အာဖရိကနှင့် အာရှမှဖြစ်သည်။

နေရာတိုင်း၌ အဆိုပါ ကမ္ဘာ့လမ်းညွှန်ချက်ကို လိုက်နာကျင့်သုံးရာတွင် အခက်အခဲများစွာတွေ့ရမည်ဟု အကူအညီပေးရေးအဖွဲ့များက သတိပေးကြသည်။

ဤသည်မှာ ပထမဆုံး ခြေတစ်လှမ်းဖြစ်ကြောင်း ပြောကြား၍ သတိထားကြရန် တိုက်တွန်းသော အော့စ်ဖန်အဖွဲ့မှ ကလာရာဂျာမတ်၏ ပြောဆိုချက်များကို အေအက်ဖ်ပီက ကိုးကားဖော်ပြခဲ့သည်။

"ဤလမ်းညွှန်ချက်များကို လိုက်နာကျင့်သုံးရန် အစိုးရများတွင် တာဝန်မရှိကြောင်း" သူမကပြောသည်။

နိုင်ငံခြားအစိုးရအဖွဲ့များ(သို့မဟုတ်) ကုမ္ပဏီကြီးများက မြေဧရိယာပမာဏ အမြောက်အမြားကို ဝယ်ယူလာကြသည့်အတွက် "မြေလုယူခြင်း"ဟု ခေါ်ဆိုကြသော အဆိုပါလုပ်ဆောင်ချက်များအပေါ် စိုးရိမ်ပူပန်မှုများကြီးထွားလာခဲ့သည်။

အီသီယိုးပီးယား၊ တောင်ဆူဒန်၊ ကွန်ဂိုနှင့် ဆီယာလီယွန်ကဲ့သို့သော အာဖရိကတိုက်မှ နိုင်ငံများသည် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများနှင့် သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပြီး ဖြစ်သည်။

အာမခံချက် မျှော်လင့်ရ

ယင်းလမ်းညွှန်ချက်သည် အဆိုပါ မြေယာများပေါ်၌ ရှေးအစဉ်အဆက် လုပ်ကိုင်စားသောက်ခဲ့ကြသော ဆင်းရဲသားသန်းပေါင်းများစွာအတွက် သစ်တောများ၊ ငါးဖမ်းခြင်းများနှင့် မြေယာများကို အသုံးပြုခွင့်အာမခံချက်ပေးမည်ဟု မျှော်လင့်ရသည်။

၎င်းကို သုံးနှစ်မျှ အချိန်ယူ၍ ရေးဆွဲခဲ့ပြီး မြေယာနှင့်ပတ်သက်၍ ထင်သာမြင်သာရှိစေရန်၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် တိုင်ပင်ရန်နှင့် မြေပိုင်ရှင် အမျိုးသမီးများ၏ အခွင့်အရေးကို ကာကွယ်ပေးရန် အစိုးရအဖွဲ့များအား တောင်းဆိုသည်။

၎င်းအပြင် ထိုယာမြေရှိရာဒေသသို့ ဝင်ရောက်လုပ်ကိုင်ကြသည့်အခါ စီးပွားရေးလုပ်ငန်းများ၊ လုပ်ငန်းစုံကော်ပိုရေးရှင်းကြီးများက လူ့အခွင့်အရေးကို တာဝန်သိသိဖြင့် လေးစားရန် အလေးအနက်ဖော်ပြသည်။ **အင်တာနက်။**

အာရှမှ လယ်သမားတစ်ဦး၏ နေ့စဉ်ဘဝတစ်စိတ်တစ်ပိုင်းကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဂျပန်နိုင်ငံတွင် ဟိုတယ်မီးလောင် ခုနစ်ဦးသေဆုံး

တိုကျို မေ ၁၃

မေ ၁၃ ရက် နံနက်ပိုင်းက ဂျပန်နိုင်ငံရှိ ဟိုတယ်တစ်လုံးတွင် မီးလောင်ကျွမ်းမှုဖြစ်ပွားရာ လူခုနစ်ဦးသေဆုံးကြောင်း ဒေသခံရဲတပ်ဖွဲ့နှင့် မီးသတ်ဌာနက ပြောကြားသည်။

မီးလောင်ခံရ၍ အမျိုးသားသုံးဦးနှင့် အမျိုးသမီးလေးဦး သေဆုံးကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။ ဖြစ်ပျက်ပုံအသေးစိတ်ကိုမူ မသိရသေးချေ။

သေဆုံးသူခုနစ်ဦးအပါအဝင် လူ ၁၀ ဦးကို ဆေးရုံသို့ တင်ပို့ပေးလိုက်ကြောင်း မီးသတ်ဌာနမှ တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

အဆိုပါ ဟိုတယ်သည် တိုကျိုအနောက်ဘက် ဟီရိုရှီးမားစီရင်စုနယ်မှ ၃၇၃ မိုင် ကွာဝေးသော မူကူယာမားဒေသတွင် တည်ရှိသည်ဟု ၎င်းပုဂ္ဂိုလ်ကပြောကြားသည်။

ဟိုတယ်အလုပ်သမားတစ်ဦးအပါအဝင် သုံးဦး ဒဏ်ရာရရှိကြောင်း ဂျီဂျီသတင်းဌာနက ဖော်ပြသည်။

မီးလောင်ကျွမ်းမှုဖြစ်ပွားရသည့် အကြောင်းရင်းကို မသိရသေးကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။ **အင်တာနက်။**

မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ရန် ကြိုးစားနေကြစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း၌ မိုးသီးမုန်တိုင်းကျပြီး မိုးသည်းထန်၊ လူ ၄၀ သေဆုံး၊ ၁၈ ဦး ပျောက်ဆုံးနေ

ပေကျင်း မေ ၁၃

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းရှိ တောင်တန်းထူထပ်ရာဒေသတစ်ခုတွင် ပြင်းထန်သော မိုးသီးမုန်တိုင်း ကျရောက်ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် လူ ၄၀ ခန့်သေဆုံးခဲ့သည်ဟု ဒေသဆိုင်ရာအစိုးရအဖွဲ့က ပြောကြားသည်။

အဆိုပါသဘာဝဘေး ကျရောက်ခဲ့သောဒေသမှာ ကန်စုပြည်နယ် မင်ခရိုင်တွင်ဖြစ်ပြီး အခြားလူ ၁၈ဦးမှာလည်း ပျောက်ဆုံးလျက်ရှိကြောင်း၊ လူ ၈၇ ဦးကို ဆေးရုံတင်ကုသပေးလျက်ရှိကြောင်း ခရိုင်အစိုးရက ၎င်း၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

မေ ၁၀ ရက် မွန်းလွဲပိုင်းတွင်ဖြစ်ပွားခဲ့သည့် မိုးသီးမုန်တိုင်းနှင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် တစ်နာရီအတွင်းတွင် ခရိုင်အတွင်းရှိ လူဦးရေ ၂၉၃၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့ကြသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

မင်ခရိုင်အတွင်းရှိ မြို့နယ် ၁၈ မြို့နယ်အတွင်း ကသောင်းကနင်းနိုင်သော ရေနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ပြီး ယင်းဒေသအတွင်း နေထိုင်သူဦးရေ ၄၅၀၀၀၀၏ သုံးပုံနှစ်ပုံခန့်မှာ သဘာဝဘေးအန္တရာယ် သင့်ရောက်ခဲ့ရကြောင်း တရုတ်အစိုးရ ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဆိုးရွားပြင်းထန်သော ရာသီဥတုကြောင့် မင်ခရိုင်အတွင်း လမ်းများပိတ်ဆို့မှု၊ နေအိမ်များပြိုကျပျက်စီးမှုနှင့် စိုက်ပျိုးမြေများ ရေလွှမ်းပျက်စီးမှုများဖြစ်ပွားသည့်အပြင် လျှပ်စစ်ဓာတ်အားနှင့် ဆက်သွယ်ရေးလုပ်ငန်းများလည်း ပြတ်တောက်ခဲ့ရသည်ဟု သတင်းတွင်ဖော်ပြထားသည်။ **အင်တာနက်။**

ကန်စုပြည်နယ် မင်ခရိုင်၌ ရေကြီးနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပါကစ္စတန်လေတပ်မှ တိုက်လေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းစဉ် ပျက်ကျ

ကရာချိ မေ ၁၃

ပါကစ္စတန်လေတပ်ဖွဲ့မှ တိုက်လေယာဉ်တစ်စင်း ပါကစ္စတန်နိုင်ငံတောင်ပိုင်းတွင် ပျက်ကျကြောင်း၊ လေယာဉ်မှူးမှာ အရေးပေါ်ထိုင်ခုံဖြင့် ခုန်ထွက်နိုင်၍ အသက်ဘေးမှ လွတ်မြောက်သွားကြောင်း သတင်းများတွင် ဖော်ပြသည်။

ကရာချိမြို့ရှိ ပါကစ္စတန်လေတပ်ဖွဲ့၏ မတ်စ်ရိုရာအခြေစိုက်စခန်းမှ မီရာ့ချ်-၅ အမျိုးအစား အသံထက်မြန်သော တိုက်လေယာဉ်မှာ ပုံမှန်လေ့ကျင့်ပျံသန်းရန် ထွက်ခွာလာစဉ် ရုတ်တရက်ပျက်ကျခြင်းဖြစ်ကြောင်း၊ ကရာချိအနောက်ဘက်မှ မိုင် ၃၀ ခန့်ကွာဝေးသော ဘလူချီစတန်ပြည်နယ် အနောက်တောင်ပိုင်းရှိ ဆွန်မီယာနီမြို့အနီး၌ ပျက်ကျခြင်းဖြစ်ကြောင်း လေတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် မိုဟာမက်နာဒင်းမ်က ပြောကြားသည်။

စုံစမ်းစစ်ဆေး

လေယာဉ်ရုတ်တရက်ပျက်ကျရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ မြေပြင်ပေါ်မှ အရပ်သားသေဆုံးမှု သို့မဟုတ် ပစ္စည်းများပျက်စီးဆုံးရှုံးမှု သတင်းမရရှိသေးကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

လွန်ခဲ့သောနှစ် အောက်တိုဘာလအတွင်းက ပါကစ္စတန်တိုက်လေယာဉ်တစ်စင်း ပုံမှန်လေ့ကျင့်ပျံသန်းစဉ် ပန်ဂျပ်ပြည်နယ်အရှေ့ပိုင်းတွင် ပျက်ကျရာ လေယာဉ်မှူးတစ်ဦး သေဆုံးခဲ့ရသည်။ **အင်တာနက်။**

ပြည်တွင်းရေး မငြိမ်သက်မှုကြောင့် အီဂျစ်၏ ရှေးဟောင်းအမွေအနှစ်များ ခိုးယူလုယက်ခံနေရ

ကိုင်ရို မေ ၁၃

အီဂျစ်နိုင်ငံ၏ ပြည်တွင်းရေးမငြိမ်သက်မှုကို အခွင့်ကောင်းယူကာ သိုက်တူးသမားစောရများသည် ဖာရိုခေတ်ရှေးဟောင်းအမွေအနှစ်များအား တရားမဝင် ရှာဖွေတူးယူခဲ့ကြကြောင်း မေ ၁၂ ရက် သတင်းများတွင် ဖော်ပြထားသည်။

ရှေးဟောင်းဝတ်ကျောင်းများအနီးနှင့် ကန္တာရဒေသ ရှေးဟောင်းအဆောက်အအုံများ၌ ရှေးဟောင်းပစ္စည်းများ တရားမဝင် တူးဖော်ယူငင်မှုများသည် လွန်ခဲ့သော တစ်နှစ်ခွဲခန့်ကာလက အီဂျစ်နိုင်ငံတွင် လူထုအုံကြွမှု ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း အဆ ၁၀၀ မျှ မြင့်တက်လာခဲ့ရကြောင်း သိရသည်။

အီဂျစ်နိုင်ငံ၌ ပြည်တွင်းရေးမငြိမ်မသက်မှုများ ဖြစ်ပွားနေစဉ်အတွင်း ရဲတပ်ဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားများလည်း ရပ်ဆိုင်းခဲ့ရာ ရှေးဟောင်းအမွေအနှစ် ဒေသများတွင် လုံခြုံရေးကင်းမဲ့ခဲ့ရသည်။

၂၀၁၁ ခုနှစ်အတွင်း အီဂျစ်နိုင်ငံတစ်ဝန်းရှိ ရှေးဟောင်းအမွေအနှစ်များ ထားသိုရာ အဆောက်အအုံများ ဖောက်ထွင်းလုယက်ခံရမှုများ အဆက်မပြတ်ဆိုသလို ဖြစ်ပွားခဲ့ပြီး ကိုင်ရိုမြို့တော်မှ နာမည်ကျော် ကိုင်ရိုရှေးဟောင်းသုတေသနပြတိုက်ပင်လျှင် သိုက်တူးသမားစောရများ၏ရန်မှ မလွတ်ခဲ့ကြောင်း သိရသည်။

အီဂျစ်နိုင်ငံတောင်ပိုင်း လူဆောမြို့မှ ဝတ်ကျောင်းကြီးများ၊ ဂီဇာဒေသမှ မဟာပိရမစ်ကြီးများနှင့် အနီးအနား ပိရမစ်များအပါအဝင် နာမည်ကျော်ရှေးဟောင်း ဒေသများ၌ ရှေးဟောင်းပစ္စည်း တရားမဝင် တူးဖော်ရှာဖွေလာကြသည်အထိ ဒုစရိုက်သမားများသည် အတင့်ရဲလာကြောင်း အီဂျစ်တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ယဉ်ကျေးမှုသက်တမ်း နှစ် ၅၀၀၀ ကျော်ပြီဖြစ်သည့် အီဂျစ်နိုင်ငံ၌ ရှေးဟောင်းအမွေအနှစ်များအား တရားမဝင် ရှာဖွေတူးဖော်မှုများသည် ကာလကြာမြင့်စွာကပင် ရင်ဆိုင်နေခဲ့ရသော ပြဿနာတစ်ရပ် ဖြစ်သည်။

အင်တာနက်။

အီဂျစ်နိုင်ငံ၏ ဖာရိုခေတ်ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းထားရာ ကိုင်ရိုပြတိုက်။



ဥရောပအာကာသအေဂျင်စီ၏ သက်မဲ့ဂြိုဟ်တု ကမ္ဘာပတ်လမ်းကြောင်း၌ နှစ် ၁၅၀ မျှ ဆက်ရှိနိုင်

ပါရီ မေ ၁၃

သက်မဲ့ ဂြိုဟ်တုတစ်စင်းအဖြစ် မေ ၉ ရက်က တရားဝင် အတည်ပြုခဲ့ပြီးဖြစ်သော အရွယ်အစားကြီးမားသည့် မြေကမ္ဘာ လေ့လာရေး ဂြိုဟ်တုတစ်စင်းသည် ကမ္ဘာပတ်လမ်းကြောင်း အတွင်း နောင်နှစ်ပေါင်း ၁၅၀ မျှအထိ ဆက်ရှိနေပြီး အခြား အာကာသယာဉ်များအတွက် အန္တရာယ်တစ်ရပ်ဖြစ်လာနိုင်ကြောင်း မေ ၁၁ ရက်သတင်းများတွင် ဖော်ပြထားသည်။

ဥရောပအာကာသအေဂျင်စီ (အီးအက်စ်အေ) ၏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံတန် အန်းဗီးဆက် (Envisat) အမည်ရှိ အဆိုပါဂြိုဟ်တုသည် မြေကမ္ဘာစူးစမ်း လေ့လာရေးတာဝန်များအား ၁၀ နှစ်ကြာ ထမ်းဆောင်ခဲ့ပြီး နောက် ထူးဆန်းစွာပင် မြေပြင်ထိန်းချုပ်ရေးစခန်းနှင့် အဆက် အသွယ် ပြတ်တောက်ခဲ့သည်။

၂၀၁၃ ခုနှစ်တွင် တာဝန်မှ ရပ်ဆိုင်းပေးမည့် အန်းဗီးဆက် ဂြိုဟ်တုကို တစ်နှစ်စော၍ စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း ဥရောပ အာကာသအေဂျင်စီက မေ ၉ ရက်တွင် တရားဝင်ကြေညာ ခဲ့သည်။

ယင်းသို့ စွန့်လွှတ်လိုက်ခြင်းကြောင့် အန်းဗီးဆက်ဂြိုဟ်တု သည် အနိမ့်ကမ္ဘာပတ်လမ်းကြောင်းအတွင်း မျောလွင့်နေသည့် အရွယ်အစား အကြီးမားဆုံးအာကာသအမှိုက်များထဲတွင် အပါအဝင်ဖြစ်လာပြီဖြစ်သည်။

အန်းဗီးဆက်ဂြိုဟ်တုသည် စွမ်းအင်ထုတ်ယူရာတွင် အသုံးပြုသော ဆိုလာပြားများအား ထည့်သွင်းတိုင်းတာခြင်း မရှိဘဲ မူလကိုယ်ထည်အလျား ပေ ၃၀ နှင့် အနံ ၁၆ ပေ ရှိပြီး အလေးချိန် မက်ထရစ်တန် ရှစ်တန်အထိရှိသည်။

ယင်းဂြိုဟ်တုအား ကမ္ဘာပတ်လမ်းကြောင်းအတွင်းမှ မြေပြင်ပေါ်သို့ တဖြည်းဖြည်း ပြန်လည်ဆွဲချနိုင်ရေးအတွက် နှစ်ပေါင်း ၁၅၀ မျှ အချိန်ယူရမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များ ကခန့်မှန်းခဲ့ကြသည်။

အင်တာနက်။

ဂြိုဟ်သိမ်တစ်စင်းပေါ်သို့ လူသားများဆင်းသက်နိုင်ရေး နာဆာလေ့ကျင့်နေ

ဝါရှင်တန် မေ ၁၃

ဂြိုဟ်သိမ်တစ်စင်း၏ မျက်နှာပြင်ပေါ်သို့ ဆင်းသက်၍ စူးစမ်းလေ့လာနိုင်ရေး၊ တွင်းထွက် သယံဇာတများ ရှာဖွေရေး တို့အတွက် အမေရိကန်ပြည်ထောင်စု အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)သည် အာကာသ ယာဉ်မှူးအဖွဲ့တစ်ဖွဲ့ကို လေ့ကျင့်ပေးလျက်ရှိကြောင်း မေ ၁၃ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဂြိုဟ်သိမ်တစ်စင်းသည် ကမ္ဘာမြေအတွက် ခြိမ်းခြောက်မှု တစ်ရပ်ဖြစ်လာပါက ယင်းဂြိုဟ်သိမ်အား ဖျက်ဆီးပစ်ရန် လိုအပ်သည့် ကျွမ်းကျင်မှုများ သိရှိနားလည်ရေးအတွက်လည်း ယင်းအာကာသယာဉ်မှူးများကို နာဆာအဖွဲ့က လေ့ကျင့်ပေး သွားမည် ဖြစ်သည်။

လာမည့် ဆယ်စုနှစ် အကုန်ပိုင်းတွင် ကမ္ဘာမြေမှ မိုင် သုံးသန်းကျော် ကွာဝေးသည့် အာကာသဟင်းလင်းပြင်အတွင်း မျောလွင့်နေသော ဂြိုဟ်သိမ်တစ်စင်းထံ လူသားများ စေလွှတ် နိုင်ရန် နာဆာအဖွဲ့က စီမံပြင်ဆင်လျက် ရှိသည်။

နာဆာအဖွဲ့၏ အနာဂတ် ဂြိုဟ်သိမ်ခရီးစဉ် အကွာအဝေး သည် ယနေ့ခေတ် လူသားများ အာကာသဟင်းလင်းပြင် အတွင်း သွားရောက်နိုင်သည့် အကွာအဝေးထက် များစွာပိုလွန် မည်ဖြစ်သည်။

လက်ရှိကာလ၌ လူသားများ အဝေးဆုံးသွားရောက်နိုင် သည့် အာကာသခရီးစဉ် ပန်းတိုင်မှာ ကမ္ဘာမြေနှင့် မိုင်ပေါင်း ၂၃၉၀၀၀ ကွာဝေးသော လကမ္ဘာဖြစ်သည်။

အရွယ်ပမာဏသေးငယ်မှုကြောင့် ဆွဲငင်အား မရှိ သလောက် ကင်းမဲ့ပြီး တစ်နာရီလျှင် မိုင် ၅၀၀၀၀ နှုန်းဖြင့် နေကို ဗဟိုပြုလှည့်ပတ်နေသော ဂြိုဟ်သိမ်များ၏ မျက်နှာပြင်ပေါ် ဘေး အန္တရာယ်ကင်းရှင်းစွာ ဆင်းသက်နိုင်ရေးသည် လက်ရှိအာကာသ နည်းပညာများအတွက် ခက်ခဲသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။

လာမည့်လ၌ နာဆာအဖွဲ့က လေ့ကျင့်ပေးနေသော အာကာသယာဉ်မှူးများသည် အာကာသယာဉ်များ ကိုင်တွယ် ထိန်းချုပ်ခြင်း၊ အာကာသအတွင်း လမ်းလျှောက်ခြင်းနှင့် ဂြိုဟ်သိမ်မျက်နှာပြင်ပေါ်မှ နမူနာ ဒြပ်ပစ္စည်းများ စုဆောင်းခြင်း စသည်တို့ကို သင်ကြားလေ့လာရမည်ဖြစ်သည်။ **အင်တာနက်။**

ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးရမှုနှင့် ယဉ်ကျေးမှုနှင့် ဘာသာစကား ပျောက်ကွယ်မှုဆက်စပ်နိုင်

လန်ဒန် မေ ၁၃

ဘာသာစကားနှင့် ယဉ်ကျေးမှုအလေ့အထ အသွင်ကွဲများ ကျဆင်းပပျောက်လာမှုသည် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံး ပျောက်ကွယ်မှုနှင့် အဆက်အစပ်ရှိကြောင်း မေ ၁၂ ရက်တွင် ထုတ်ပြန်ခဲ့သော သုတေသနစာတမ်းတစ်ရပ်၌ ဖော်ပြထားသည်။

ကမ္ဘာပေါ်တွင် ပြောဆိုသုံးစွဲလျက်ရှိသော ဘာသာစကား များ၏ ၇၀ ရာခိုင်နှုန်းကို ဇီဝမျိုးစုံမျိုးကွဲများ (biodiversity) ပေါကြွယ်ဝသည့် ဒေသများတွင် တွေ့ရှိရကြောင်း စာတမ်းပြုစုသူ သုတေသနပညာရှင်များက ပြောကြားခဲ့သည်။

သို့ရာတွင် လေ့လာချက်များအရ ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝသောဒေသများ လျော့နည်းကျဆင်းလာသည်နှင့်အမျှ ယင်းဒေသများ၌ သုံးစွဲသည့် ဘာသာစကားများနှင့် လက်ခံ ကျင့်သုံးသည့် ယဉ်ကျေးမှုအလေ့အထများလည်း တစ်စတစ်စ ပျောက်ကွယ်လာရကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် ပြောဆိုသုံးစွဲနေသော ဘာသာစကား ၆၉၀၀ ကျော်အနက် ၄၈၀၀ ကျော်သည် ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝရာဒေသများ၌ ပျံ့နှံ့ထွန်းကားကြောင်း သုတေသနပညာ ရှင်များက ပြောကြားသည်။

ကမ္ဘာပေါ်၌ ဇီဝမျိုးစိတ်များ နှစ်စဉ်ဆုံးရှုံးရမှု ပိုမိုများပြား လာကြောင်း ဇီဝဗေဒပညာရှင်များက ခန့်မှန်းထားချိန်တွင် ကမ္ဘာ့ ဘာသာစကားအရေအတွက်၏ ၅၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်း သည် ယခုရာစုနှစ် အဆုံးသတ်ကာလများအတွင်း ကွယ်ပျောက် သွားနိုင်ကြောင်း ဘာသာဗေဒပညာရှင်များက ဟောကိန်း ထုတ်ထားသည်။

ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝသည့်ဒေသများနှင့် ဘာသာ စကားနှင့် ယဉ်ကျေးမှုအလေ့အထများအကြား ပထဝီဝင် သဘောတရားအရ ဆက်နွယ်မှုရှိပုံကို ယခင်လေ့လာချက်များ တွင်လည်း အသိအမှတ်ပြုထားကြောင်း စာတမ်းရှင် သိပ္ပံပညာ ရှင်များက ပြောကြားခဲ့သည်။ **အင်တာနက်။**

ဖီနာဘာချီအသင်းပရိသတ်များနှင့် တူရကီရဲတပ်ဖွဲ့အကြား အဓိကရုဏ်းဖြစ်ပွားခဲ့

အစ္စတန်ဘူလ် မေ ၁၃

ဂါလာတာစာရေးနှင့် ဖီနာဘာချီအသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ကြသည့် တူရကီအမှတ်ပေးဘောလုံးပြိုင်ပွဲ ရာသီပိတ် ဖလားလုပွဲစဉ် ပြီးဆုံးပြီးနောက် အစ္စတန်ဘူလ်အခြေစိုက် အိမ်ရှင် ဖီနာဘာချီအသင်း ပရိသတ်များနှင့် တူရကီရဲတပ်ဖွဲ့တို့အကြား ပဋိပက္ခများဖြစ်ပွားခဲ့ကြောင်း မေ ၁၂ ရက်သတင်းများတွင် ဖော်ပြသည်။

မေ ၁၂ ရက်တွင်ယှဉ်ပြိုင်ကစားခဲ့သည့် အဆိုပါပွဲစဉ်သည် ဂိုးမရှိသရေရလဒ်ဖြင့် အဆုံးသတ်ခဲ့သော်လည်း ဖီနာဘာချီ အသင်း၏ အစဉ်အလာ မဟာပြိုင်ဘက်ဖြစ်သော ဂါလာတာ စာရေးအသင်းက တူရကီလိဂ်ဖလားအား ဆွတ်ခူးနိုင်ခဲ့သည်။

သို့ရာတွင် ပွဲအပြီးမှာပင် ဖီနာဘာချီအသင်းပရိသတ် များသည် ပလတ်စတစ်ထိုင်ခုံများအား ချိုးဖဲ့ကာ တူရကီ ရဲတပ်ဖွဲ့ဝင်များနှင့် ဧည့်သည်ဂါလာတာစာရေး အသင်းပရိသတ် များအား ပစ်ပေါက်တိုက်ခိုက်ခဲ့သည့်အပြင် မီးကျည်များ ဖြင့်လည်း ပစ်ခတ်ခဲ့ကြကြောင်း သိရသည်။

ဖီနာဘာချီအသင်း၏ ဆော့ခ်ရူဆာရာကော့ဂလူကွင်း၌ ဖြစ်ပွားသည့်အဆိုပါ ပဋိပက္ခအတွင်း ဂါလာတာစာရေးအသင်း သားများ ဘေးအန္တရာယ်မရှိစေရေးအတွက် တူရကီရဲတပ်ဖွဲ့က အကာအကွယ်ပေးခဲ့ကြသည်။ ကွင်းတွင်းအဓိကရုဏ်းသည် ကွင်းပြင်ထိတိုင် ကူးစက်ဖြစ်ပွားခဲ့ပြီး ဖီနာဘာချီအသင်းပရိသတ် များက တူရကီရဲတပ်ဖွဲ့ယာဉ်တစ်စင်းအား ကျောက်ခဲများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။

တူရကီအမှတ်ပေးဖလားပြိုင်ပွဲတွင် ဂါလာတာစာရေး အသင်းသည် ဒုတိယနေရာမှ ဖီနာဘာချီအသင်းထက် တစ်မှတ် အသာဖြင့် အမှတ်ပေးဖလား ဆွတ်ခူးနိုင်ခဲ့သည်။

တူရကီအမှတ်ပေးဖလား ဘောလုံးပြိုင်ပွဲရာသီပိတ်ရလဒ် အရ ထရက်ဘ်ဇွန်စပိုးအသင်းက တတိယနေရာနှင့် ဘက်ဆစ်ခ် တပ်စ်အသင်းတို့က စတုတ္ထနေရာများတွင် အသီးသီးရပ်တည် ခဲ့ကြသည်။ **အင်တာနက်။**

ပါရှန်ပင်လယ်ကွေ့၌ ရေပြင်လုံခြုံရေး ဆောင်ရွက်နေသော အမေရိကန်ရေတပ် မိုင်းရှင်းတပ်ဖွဲ့ကို တွေ့ရစဉ်။ (ဓာတ်ပုံ- အင်တာနက်)

ရေအောက်မိုင်းရှင်းစက်ရုပ်များ အမေရိကန်စစ်ဘက်တည်ဆောက်မည်

ဝါရှင်တန် မေ ၁၃

ရေအောက် ငုပ်ဆင်း၍ ရေအောက်သုံးမိုင်းလက်နက် များအား ရှာဖွေဖော်ထုတ်ပေးနိုင်မည့် စက်ရုပ်ယာဉ်တစ်စင်းကို အမေရိကန်ရေတပ်က တည်ဆောက်ဖန်တီးထားပြီးဖြစ်ကြောင်း မေ ၁၂ ရက် သတင်းများတွင် ဖော်ပြထားသည်။

လိုအပ်သော စွမ်းအင်ကို ရယူနိုင်ရေးအတွက် လစ်သီယမ် အိုင်ယွန် ဘက်ထရီကို အသုံးပြုသည့် နိုက်ဖစ်ရှ် (Knifefish) အမည်ရှိ အဆိုပါ ရေအောက်ဆင်းစက်ရုပ်ယာဉ်များသည် ကိုယ်ထည်အလျား ၅ ဒသမ ၈ မီတာနှင့် အလေးချိန် ပေါင် ၁၇၀၀ ရှိသည်။

နိုက်ဖစ်ရှ် ရေအောက်သုံး စက်ရုပ်ယာဉ်များသည် ပင်လယ်ရေအောက်၌ ၁၆ နာရီကြာမျှ မရပ်မနား ခုတ်မောင်း သွားလာနိုင်ပြီး ကြိမ်နှုန်းနိမ့်အသံလှိုင်းများ ထုတ်လွှင့်၍ မိုင်း လက်နက်များကို ရှာဖွေထောက်လှမ်းနိုင်စွမ်းရှိသည်။ ရေအောက် မိုင်းလက်နက်များသည် နည်းပညာအရ အဆင့်နိမ့်သော်လည်း အန္တရာယ်လွန်စွာကြီးမားပြီး မတော်တဆ ထိတွေ့မိပါက သင်္ဘော များ၊ ရေငုပ်သင်္ဘောများ၊ ရေနံနှင့် ဓာတ်ငွေ့ပိုက်လိုင်းများအပြင် တယ်လီဖုန်းနှင့် အင်တာနက်လိုင်းများလည်း ပျက်စီးနိုင်သည်။

ကမ္ဘာတစ်ဝန်း သမုဒ္ဒရာများအတွင်း ဖြန့်ကြက်ချထားနိုင် သည့် ရေအောက်မိုင်းလက်နက် ၂၅၀၀၀၀ မျှကို ကမ္ဘာ့နိုင်ငံ ပေါင်း ၅၀ ခန့်က လက်ဝယ်ပိုင်ဆိုင်ထားသည်။

အမေရိကန်ရေတပ်သည် လာမည့်ငါးနှစ်အတွင်း ရေအောက်မိုင်းရှင်းလင်းရေး စက်ရုပ်ယာဉ် ရှစ်စင်း တည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၁၇၀ သုံးစွဲမည်ဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် ပထမဆုံး စက်ရုပ်ယာဉ်ကို လက်တွေ့သုံးစွဲနိုင်ဖွယ်ရှိသည်။ **အင်တာနက်။**

ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိရလေအောင်

ရှင်ဇာနန်(ကျန်းမာရေးပညာ)

ညစ်ညမ်းသော ပတ်ဝန်းကျင်၌ နေထိုင်သောသူများနှင့် သန့်ရှင်းသပ်ရပ်သော ပတ်ဝန်းကျင်၌ နေထိုင်သောသူများ၏ ကျန်းမာရေးမှတ်တမ်းများကို နှိုင်းယှဉ်ကြည့်လျှင် သိသိသာသာ ကွဲပြားခြားနားကြောင်း တွေ့ကြရမည်ဖြစ်သည်။ ဤပတ်ဝန်းကျင်သန့်ရှင်းရေး၏ အရေးကြီးပုံကို သိရှိနားလည် သဘောပေါက်သူများက မအိပ်မနေကြိုးပမ်းအားထုတ်ကာ လုပ်ဆောင်လျက်ရှိကြလေသည်။ ထို့ကြောင့် အချို့က ထိုသူများအား "ပတ်ဝန်းကျင်သန့်ရှင်းရေးဝါဒီများ" ဟုပင် တင်စားပြောဆိုတတ်ကြလေသည်။

ပတ်ဝန်းကျင်ညစ်ညမ်းမှုကို အဓိကဖန်တီးသည့် အကြောင်းတရားများစွာရှိသည့်အနက် အဓိကအကြောင်းတရားတစ်ခုမှာ လူ့အညစ်အကြေး မစင်စွန့်ပစ်ခြင်းပင်ဖြစ်သည်။ လူတို့၏ စွန့်ပစ်သောအရာများတွင် လူ့မစင်သည် ရွံ့စရာအကောင်းဆုံးနှင့် ရောဂါဘယပြန့်ပွားမှုကို အဓိကဖြစ်စေသည့်အရာများဖြစ်၏။ ထို့ကြောင့် မစင်စွန့်ပစ်သည့် တောထိုင်ဓလေ့ကို ပြုပြင်ပြောင်းလဲရန် နိုင်ငံအသီးသီးက အပတ်တကုတ် ကြိုးပမ်းအားထုတ်လာခဲ့ကြသည်။

မြန်မာနိုင်ငံသည် ပြည်တော်သာခေတ်ကတည်းကပင် ယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲကြရန် ကြိုးပမ်းလာခဲ့၏။ ယခုအခါ ဆယ်စုနှစ် ငါးစုပင် ကျော်လာခဲ့သည်။ အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု (National Sanitation Week) ဟူ၍လည်း ဆယ်နှစ်မကနှစ်စဉ်ကျင်းပကာ တစ်နိုင်ငံလုံး ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲရေးနှင့် ရေကောင်းရေသန့်ရရှိရေး၊ အစားအစာသန့်ရှင်းရေး၊ လက်သန့်ရှင်းရေး စသည်လုပ်ငန်းများပါ တွဲဖက်လုပ်ဆောင်ရန် လှုံ့ဆော်လာခဲ့သည်။ အောင်မြင်မှုများ အရှိန်အဟုန်ဖြင့် တိုးတက်ရရှိခဲ့၏။ တစ်နိုင်ငံလုံး တောထိုင်ဓလေ့မှ ယင်လုံအိမ်သာသုံးစွဲမှုမှာ ၈၀ ရာခိုင်နှုန်းအထိ ရှိလာခဲ့သည်။

သိသာထင်ရှားသော ပြောင်းလဲမှုရလဒ်များတွင် ရန်ကုန်-မန္တလေး အဝေးပြေးကားလမ်းမကြီးများပေါ်ရှိ ကားရပ်နားရာ စားသောက်ဆိုင်များ ပါဝင်သည်။ လွန်ခဲ့သော (၂၅)နှစ်ခန့်က ဤနေရာများ၌ ယင်လုံအိမ်သာ မရှိသလောက်ပင်ဖြစ်သည်။ မြေပေါ်အိမ်သာများသာရှိနေပြီး မစင်အညစ်အကြေးစွန့်လျှင် လောက်ကောင် တဖွားဖွား၊ ယင်ကောင် တလောင်းလောင်းနှင့် လွန်စွာညစ်ညမ်းလှသည်မှာ မေ့ပျောက်ရန်ခက်လှသည်။ အချို့မှာ အစားအစာများပင် မစားနိုင်အောင်ဖြစ်ခဲ့ကြဖူးသည်။ ယနေ့ ဤစားသောက်ဆိုင်များ၌ ရေလောင်းကြွေအိမ်သာခွက်များ တပ်ဆင်ကာ သန့်ရှင်းမှုဖြင့် အပြိုင်အဆိုင် ဆောက်လုပ်လာကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။

ကျေးလက်၌ ယင်လုံအိမ်သာများ ဆောက်လုပ်လာကြသည့်နည်းတူ မြို့ပေါ်ရပ်ကွက်များကလည်း မြေပေါ်အိမ်သာများ ဖျက်သိမ်းကာ ယင်လုံအိမ်သာများအဖြစ် ဆောက်လုပ်လာခဲ့ကြသည်။ အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနသာမဟုတ်၊ အခြားနီးနွယ်ဌာနများကပါ ပူးပေါင်းပါဝင်လုပ်ဆောင်ခဲ့ကြခြင်းကြောင့် အရှိန်အဟုန်ဖြင့် တိုးတက်လာခြင်းဖြစ်သည်။ အထူးသဖြင့် အုပ်ချုပ်ရေးအပိုင်းမှ အာဏာပိုင်များ၏ တွန်းအားပေးမှုသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေသည်။

ဤတွင် ကျွန်ုပ်တို့သည် အဘယ်ကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို အင်တိုက်အားတိုက် ဖျက်နေကြရပါသနည်း။ ရန်ကုန်မြို့ရှိ ကမ္ဘာ့ကလေးများရန်ပုံငွေအဖွဲ့၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးဌာနခွဲ အကြီးအကဲက "ကူးစက်ရောဂါသုံးမျိုးဖြစ်သည့် ငှက်ဖျား၊ တုပ်ကွေး၊ တီဘီရောဂါ သုံးမျိုးကြောင့် အသက်ဆုံးရှုံးရသည့် လူဦးရေထက်၊ ဝမ်းနှင့်ပတ်သက်သည့် ရောဂါတစ်မျိုးကြောင့် အသက်ဆုံးရှုံးမှုက ပို၍များနေသေးသည်"ဟု ဆိုသည်။ သို့ဖြစ်ရာ ဝမ်းနှင့်ပတ်သက်သည့် ရောဂါများသည် အဓိကအားဖြင့် မစင်ကို စနစ်တကျ စွန့်ပစ်မှုမရှိခြင်းကြောင့် ဖြစ်ရခြင်းပင်ဖြစ်သည်။ ထို့ကြောင့် အိန္ဒိယမှ ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာပညာရှင် ဒေါက်တာကမ်မာကားလ်က "အရှေ့တောင်အာရှ နိုင်ငံအားလုံး မစင်ကင်းမဲ့ဇုန်အဖြစ်" ပြောင်းလဲစေရမည်ဟု ကြွေးကြော်ခဲ့ပါသည်။ ဤကြွေးကြော်ချက်နှင့်အညီ လူထုဦးဆောင်မှုဖြင့် ရာနှုန်းပြည့် ပတ်ဝန်းကျင်သန့်ရှင်းရေး (Community Led Total Sanitation) စီမံချက်များ ရေးဆွဲကာ အရှေ့တောင်အာရှနိုင်ငံ ၁၀ နိုင်ငံ၌ အကောင်အထည်ဖော်ရန် ကြိုးပမ်းလျက်ရှိနေသည်။

လူ့အညစ်အကြေးများမှ အောက်ပါရောဂါများ ပျံ့နှံ့နိုင်ကြောင်း ပြည်သူလူထုတစ်ရပ်လုံးက သတိမူကြရန်ဖြစ်ပြီး မိမိတို့ စွန့်ထုတ်သောမစင်များ၊ မိမိတို့ထံသို့ ပြန်လည်ရောက်ရှိလာတတ်ပုံကို အသိပညာပေးရန် တိုက်တွန်းထားလေသည်။ "ဝမ်းလျှော၊ဝမ်းပျက်၊ အူရောင်ငန်းဖျား၊ ကာလဝမ်းရောဂါ၊ သန်ကောင်ရောဂါအမျိုးမျိုး၊ အသည်းရောင်အသားဝါရောဂါ၊ ပိုလီယိုအကြောသေရောဂါ" စသည့် ကူးစက်ရောဂါများသည် လူ့အညစ်အကြေးများမှ ကူးစက်ခြင်းဖြစ်သည်။ အဖုံးအကာမဲ့ ကွင်းပြင်၌တောထိုင်၍ မစင်စွန့်ခြင်းဖြင့် ရောဂါပိုးများ ပြန့်ပွားလျက်ရှိ၏။ မိုးအခါ ရေစီးကြောင်းနှင့်အတူ ရေတွင်းရေကန်များထဲသို့ စိမ့်ဝင်လျက်ရှိသည်။ တိရစ္ဆာန်များနှင့် လူများကပင် မစင်များကို ထိတွေ့မိရာမှ မစင်အညစ်အကြေးများသည် လူတို့စားသောက်ဖွယ်ရာများနှင့် ထိတွေ့ရလေသည်။ ပိုးဟပ်၊ ယင်ကောင်၊ ကြွက်များကြောင့်လည်း အညစ်အကြေးများ နေရာအနှံ့ ပျံ့သွားလေ့ရှိသည်။ အချို့မှာ အညစ်အကြေးများ စွန့်ချင်ရာစွန့်သဖြင့် အိမ်သာ၏အကျိုးကျေးဇူးများ မခံစားခဲ့ဖူးသောကြောင့် ယင်လုံအိမ်သာ လိုချင်စိတ်မရှိကြခြင်းလည်း ဖြစ်သည်။ အမှန်၌ ယင်လုံအိမ်သာကောင်းကောင်းရှိလျှင် အချိန်မရွေး မစင်စွန့်နိုင်ကြ၏။ မြွေပါးကင်းပါး အန္တရာယ်လည်း မရှိနိုင်ပါ။ နေမကောင်းသည့်အခါ၌လည်း အဆင်ပြေ၏။ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများအတွက်လည်း အဆင်ပြေသည်။ သို့သော် ယင်လုံအိမ်သာကို သန့်သန့်ရှင်းရှင်း အသုံးပြုရန်လိုသည်။ အိမ်နှင့်နီးနီးကပ်ကပ် ဆောက်လုပ်ရန်လိုသည်။ အကြောင်းမှာ အိမ်သာထဲရေထည့်ရန် လွယ်ကူစေသည်။ ရေများများထည့်သုံးမှ အိမ်သာသန့်ရှင်းစွာ အသုံးပြုနိုင်မည်ဖြစ်ပါသည်။ တုတ်ကို မသုံးဘဲ စက္ကူ သို့မဟုတ် ရေကိုသာ အသုံးပြုရန် လိုသည်။ အရေးကြီးဆုံးအချက်မှာ အိမ်သာကျင်းကို ခိုင်ခိုင်ခံ့ခံ့ ဆောက်လုပ်ရန်ဖြစ်သည်။ လေလုံ၊ မိုးလုံ၍ ကျင်းမပြိုအောင် ပြုလုပ်နိုင်လျှင် မိမိ မီးဖိုချောင်ဘေးနား၌ လည်းကောင်း၊ အိပ်ရာဘေး၌ လည်းကောင်း အိမ်သာ ဆောက်လုပ်သုံးစွဲနိုင်ပါသည်။ ယင်လုံအိမ်သာ ပလတ်စတစ်ခွက်၌ အကောက်ပါသော ပိုက်များ တပ်ဆင်အသုံးပြုလျှင် ရေများ အကောက်နေရာ၌တင်၍ အိမ်သာထဲမှ အနံ့အသက်များ ပြန်မထွက်လာနိုင်ဘဲရှိနေမည် ဖြစ်သည်။

သန့်ရှင်းသပ်ရပ်သော ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲသူတိုင်း နောင်တရရိုးထုံးစံမရှိပါ။ နေ့စဉ်နှင့်အမျှ တစ်သက်တာကာလပတ်လုံး အသုံးပြုမည့် ယင်လုံအိမ်သာကို လှလှပပ၊ သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း ဆောက်လုပ်အသုံးပြုကြရန် အထူးလိုအပ်လှပါသည်။ အလေးအပင်များ လျှော့ချ၍ နေသာထိုင်သာရှိစေရန် မိမိတို့ယင်လုံအိမ်သာကသာ အိမ်ကို သာယာမှုပေးနိုင်ပါသည်။ သာယာသော မိသားစုသည် ကျန်းမာကြ၏။ ကျန်းမာသောမိသားစုသည် ပျော်ရွှင်ဖွယ်ရာပင် မဟုတ်ပါလော။ ။

ပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်း

တိုက်ကြီး မေ ၁၃

သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များနှင့်အညီ စိုက်ပျိုးခဲ့သည့် နွေစပါး ပုလဲသွယ် စပ်မျိုးစပါး စံကွက်ရိတ်သိမ်းပွဲကို မေ ၁၁ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် တာခွကျေးရွာရှိ ဇဟိုမြေစာရင်း ဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်း ငါးဧကတွင် ကျင်းပရာ**(အောက်ပုံ)** သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးခင်မောင်ဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မြေစာရင်းဦးစီးမှူး ဦးဇော်မင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် မြေစာရင်းဦးစီးမှူး ဦးဌေးလွင်၊ မြို့နယ် မြေစာရင်းဦးစီးမှူး ဦးသန်းဝင်းနှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ တက်ရောက်လေ့လာကြသည်။

အဆိုပါ ပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်းရာတွင် တစ်ဧက စပါးအစို ၁၅၁ တင်း ထွက်ရှိ၍ ဖြစ်ထွန်းအောင်မြင်နေမှုများကို တောင်သူများ ကိုယ်တွေ့မြင်တွေ့ရသဖြင့် လာမည့်မိုးရာသီတွင် ပတ်ဝန်းကျင်ကျေးရွာများ၌ တိုးချဲ့စိုက်ပျိုးသွားမည်ဟု သိရသည်။

(၅၂၆)

မိုးဦးစောမှုကြောင့် တောင်သူတို့ မိုးဦးနှမ်းကြဲပက်ရန်စီစဉ်

သာစည် မေ ၁၃

သာစည်မြို့နယ်၌ မတ်လ ၁၅ ရက် နောက်ပိုင်းနေ့များတွင် နေ့အပူချိန်များ ပြင်းထန်နေရာမှ ဧပြီ ၉ ရက်၊ ၁၀ ရက် နေ့ညများတွင် သက်ြန်အကြိုမိုးများ ရွာသွန်းမှုကြောင့် အပူချိန်များ သိသာစွာကျဆင်းခဲ့ပြီး မိုးရေပက်ဖျန်းမှုကြောင့် မြို့အနှံ့ပိတောက်ပန်းများ ပွင့်လန်းခဲ့သည်။

ကျေးလက်တောင်သူများမှာ မိုးဦးစောစီးစွာ ရွာသွန်းခဲ့မှုကြောင့် မိုးဦးနှမ်းများ ကြဲပက်ရန်အတွက် ထွန်ရေး၊ ထယ်ရေးများ ပြင်ဆင်၍ လယ်ယာလုပ်ငန်းခွင်ဝင်ရန် စီစဉ်နေကြကြောင်း သိရသည်။

(၄၂၅)

မော်တော်ယာဉ်နှင့် ကွန်ဒိုမီနီယမ်အရောင်းပြပွဲကျင်းပ

မန္တလေး မေ ၁၃

အထက်မြန်မာပြည်၌ အကြီးဆုံး Mandalay Expo & Car Show ပြပွဲကို မေ ၅ ရက် နံနက် ၉ နာရီက မန္တလေးမြို့၌ ကျင်းပရာ မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီး ဦးအောင်မောင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ တက်ရောက်အားပေးပြီး ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပြပွဲတွင် ဂျပန်နိုင်ငံမှ တင်သွင်းလာသော တိုယိုတာကားများ၊ MITSUBISHI ကားများ၊ Hyundia, KIA အိမ်စီးကားများ၊ တရုတ်နိုင်ငံထုတ် SUNLONG ခရီးသည်တင်လေအိတ်ကား၊ CAME အမျိုးအစား ETX DUMP TRUCK အမျိုးအစားကွန်တိန်နာများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ယန္တရားကြီးများ၊ ကွန်ဒိုမီနီယမ်တိုက်ခန်းများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများ၊ အီလက်တရွန်နစ်ပစ္စည်းများ၊ အလှကုန်ပြခန်းများကို ကုမ္ပဏီ ၉၀ ကျော်ပါဝင်ပြသခဲ့ပြီး ဆိုင်ခန်းပေါင်း ၁၄၀ ဖွင့်လှစ်ထားသည်။ ပြပွဲကို မေ ၅ ရက်မှ ၈ ရက်ထိ အထူးဈေးနှုန်းဖြင့် ရောင်းချပေးကြောင်း သိရသည်။**(ဝဲပုံ)**

သီဟကိုကို(မန္တလေး)

မီးလောင်မှုနှင့် မီးလောင်ဆုံးရှုံးမှုတန်ဖိုး လျှော့နည်းအောင် ကြိုးပမ်းလျက်ရှိ

ပဲခူး မေ ၁၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုနှစ်နွေရာသီ၌ လွန်ခဲ့သောနှစ်များကထက် မီးလောင်မှုအကြိမ်လျှော့နည်းရေးနှင့် မီးလောင်ဆုံးရှုံးမှုတန်ဖိုး လျှော့နည်းရေးတို့အတွက် မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်ချမှတ်ပြီး မီးလောင်မှုအကြိမ်နှင့် ဆုံးရှုံးမှုတန်ဖိုး လျှော့နည်းအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် သန္ဓေမီးသတ်စခန်း ၃၄၉ ခု၊ အရန်မီးသတ်တပ်ဖွဲ့စခန်း ၂၇၆ စခန်း၊ မီးသတ်ယာဉ် စုစုပေါင်း ၁၈၁၂ စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ အင်အား ၃၅၀၀ ကျော်၊ အရန်မီးသတ်တပ်ဖွဲ့ အင်အား ၂၅၀၀၀၀ ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ မီးလောင်ကျွမ်းမှုအကြိမ်ပေါင်း ၉၂၃ ကြိမ်မျှ ရှိခဲ့ကြောင်း သိရသည်။ တစ်နိုင်ငံလုံး အတိုင်းအတာအရ တစ်နှစ်ပတ်လုံး ဆုံးရှုံးမှုတန်ဖိုးအနေဖြင့် ကျပ်သိန်းပေါင်း ၁၉၀၀၀ မျှ ဆုံးရှုံးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

နီလာဝင်း(ရွှေသွေးကြီး)

မိမိပတ်ဝန်းကျင် သန့်ရှင်းစေချင်

ကြေးမုံသို့ပေးစာ

သိမ်ဖြူလမ်းနှင့် ဗိုလ်မင်းရောင်လမ်း ထောင့်ရှိ မြောင်းကြီးထဲတွင် အမှိုက်များ စုပုံနေသည်မှာ မြင်မကောင်းပါ။

ယနေ့ အမှိုက်များဖြင့် ပြည့်နေသော မြောင်းကြီးထဲတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဝန်ထမ်းများက အင်တိုက်အားတိုက်ဖြင့် မြောင်းကြီးထဲသို့ ဆင်း၍ အမှိုက်များ ရှင်းလင်းဆယ်ယူနေသည့် မြင်ကွင်းကို တွေ့လိုက်ရသည်။

ယခင်က အမှိုက်များဖြင့် ပြည့်နှက်နေသည့် ထိုမြောင်းကြီးကို ကြည့်ပြီး စိတ်မသက်မသာဖြစ်ရသည်။ နိုင်ငံခြားသားများ ထိုမြင်ကွင်းကိုသာမြင်သွားပါက မိမိတို့နိုင်ငံ၏ ဂုဏ်သိက္ခာ လုံးဝကျဆင်းသွားမည့် မြင်ကွင်းဖြစ်၍ စိုးရိမ်လိုက်မိသည်။ ယခုကဲ့သို့ အမှိုက်များဆယ်နေသည့် မြင်ကွင်းကြောင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရသည်။

ယင်းနှင့်တစ်ဆက်တည်းပင် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဝန်ထမ်းများက ယုဇနပလာဇာရှေ့၊ ကန်တော်ကလေး မြန်မာ့ဂုဏ်ရည်လမ်းတစ်လျှောက်၊ သိမ်ဖြူဈေးမှတ်တိုင်မှ စာတိုက်မှတ်တိုင် တစ်လျှောက်ရှိ ရေနုတ်မြောင်းများကို အမှိုက်များ ဆယ်ယူခြင်း၊ လမ်းပေါင်များမြှင့်ခြင်း၊ ပလက်ဖောင်းများ ချဲ့ထွင်ခြင်း စသည့်လုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့နေရသည်။

အနှစ်နှစ်အလလက မိမိတို့ပြည်သူများ စည်းကမ်းမဲ့စွာဖြင့် ထိုမြောင်းကြီးအတွင်းသို့ အမှိုက်များပစ်ချ၍ ယခုကဲ့သို့ မြို့လယ်ကောင်တွင် အမှိုက်များ စုပုံနေခြင်းသည် မဖြစ်သင့်သည့် မြင်ကွင်းဖြစ်သည်။ ယခုအခါ ယင်းမြောင်းကြီးမှ အမှိုက်များ ရှင်းလင်းပြီးပါက တသွင်သွင်စီးနေမည့် မြောင်းကြီးအတွင်းသို့ အမှိုက်များ ထပ်မံ၍ (လုံး၀) မစွန့်ပစ်ကြရန်နှင့် မိမိကြောင့် မိမိနှင့် မိမိပတ်ဝန်းကျင်၏ သန့်ရှင်းမှု မပျက်စီးစေရန် ထိန်းသိမ်းကာကွယ်ကြရန် လိုပါသည်။

(မေနိုင်-သတင်းစဉ်)

ဗိုလ်မင်းရောင်လမ်း ထောင့် ရှိ မြောင်းထဲမှ အမှိုက်များ မရှင်းလင်းမီက တွေ့ရစဉ်။

ဇွန်ဝင်ကြေး အမေရိကန် ၁၀ ဒေါ်လာ ပေးသွင်းပါက ငါးရက်အတွင်း ယဉ်ကျေးမှုနေရာများ လည်ပတ်နိုင်

မန္တလေး မေ ၁၃

ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနခွဲများ၌ အမေရိကန် ၁၀ ဒေါ်လာ ပေးသွင်းပါက ငါးရက်အတွင်း မန္တလေးဌာနခွဲအောက်ရှိ ယဉ်ကျေးမှုနေရာများသို့ သွားရောက်လေ့လာကြည့်ရှုနိုင်သည်။ မန္တလေးဌာနခွဲအောက်၌ လေ့လာနိုင်သော ယဉ်ကျေးမှုနေရာများမှာ ကုသိုလ်တော်ဘုရား၊ ကျောက်တော်ကြီးဘုရား၊ ရွှေကျောင်းကြီး၊ အတုမရှိကျောင်း၊ နန်းမြို့၊ မြနန်းစံကျော်ရွှေနန်းတော်၊ အမရပူရမြို့နယ်ရှိ ဗားကရာကျောင်း၊ ဦးပိန်တံတား၊ အင်းဝရှိ မယ်နုအုတ်ကျောင်း၊ ဆင်ကျုံးခံတပ်တို့ဖြစ်ကြောင်း သိရသည်။

မောင်စေတနာ(မန္တလေး)

ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအခြေအနေအရ ကယ်ဆယ်ရေးစခန်း အသီးသီးသို့ ရောက်ရှိနေသော တိမ်းရှောင်မိသားစုဝင်များအား ကူညီထောက်ပံ့

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း ဂျန်မိုင်ကောင်း နှစ်ခြင်းအသင်းတော် ကယ်ဆယ်ရေးစခန်းအပါအဝင် ကယ်ဆယ်ရေးစခန်း အသီးသီးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ လှူဒါန်းထောက်ပံ့ငွေများကို ပေးအပ်စဉ်။

(သတင်းစဉ်)

နေပြည်တော် မေ ၁၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ UNOCHA၊ WFP၊ UNICEF၊ UNHCR၊ UNDP၊ ICRCနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှတာဝန်ရှိသူများနှင့်အတူ မေ ၁၀ ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ရောက်ရှိပြီး ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တွေ့ဆုံ၍ ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအခြေအနေအရ ကယ်ဆယ်ရေးစခန်း အသီးသီးသို့ရောက်ရှိနေသော တိမ်းရှောင်မိသားစုဝင်များအား ကူညီထောက်ပံ့ရေး၊ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ မြှင့်တင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက နိုင်ငံတော်အစိုးရသစ် အနေဖြင့် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုအရ ဒေသအသီးသီး၌ ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ရန် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းဆောင်ရွက်နေပါကြောင်း၊ ဒေသခံပြည်သူများအား နိုင်ငံတော်အစိုးရနှင့် နိုင်ငံတကာ အဖွဲ့အစည်းများပူးပေါင်း၍ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အပြန်အလှန်ယုံကြည်မှုများ တည်ဆောက်ပြီး ပြည်သူလူထု၏ ယုံကြည်မှုကိုပါ ရရှိရန် လိုအပ်ပါကြောင်း၊ ယခု ကူညီထောက်ပံ့မှုများသည် ယာယီလုပ်ငန်းများသာဖြစ်ပြီး အဓိကလုပ်ငန်းတာဝန်မှာ ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရန်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သန်းအောင်နှင့် လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာတို့က ကူညီထောက်ပံ့ပေးနေမှုများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်က ယခုခရီးစဉ်အတွင်း ကယ်ဆယ်ရေးစခန်းများအတွက် ကူညီထောက်ပံ့မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး UNOCHA၊ WFP၊ UNICEF၊ UNHCR၊ UNDP၊ ICRC နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူ ကိုယ်စားလှယ်များက ကချင်ပြည်နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသော ၎င်းတို့အဖွဲ့အစည်းများ၏ လုပ်ငန်းစဉ်များ၊ ကူညီထောက်ပံ့ပေးနေမှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ တွေ့ကြုံရသော လုပ်ငန်းအခက်အခဲများကို ရှင်းလင်းဆွေးနွေးကြသည်။

ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းနှင့် အဖွဲ့သည် ညနေ ၄ နာရီတွင် မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက် ဂျန်မိုင်ကောင်း နှစ်ခြင်းအသင်းတော် ကယ်ဆယ်ရေးစခန်းသို့ရောက်ရှိပြီး ဒုတိယဝန်ကြီးက တိမ်းရှောင်မိသားစုဝင်များအား နှစ်သိမ့်အားပေးစကားပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သန်းအောင်က ကယ်ဆယ်ရေးစခန်း အလိုက် ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ထောက်ပံ့မှုများ၊ နိုင်ငံတော်အစိုးရ၏ ထောက်ပံ့မှုအခြေအနေများ၊ KIO အဖွဲ့နှင့် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုများ၊ ကချင်ပြည်နယ်အတွင်း နိုင်ငံတကာ အဖွဲ့အစည်းများ ဝင်ရောက်ကူညီဆောင်ရွက်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးမှုများကိုလည်းကောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်နှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်တို့က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ ကချင်ပြည်နယ်အတွင်း ထောက်ပံ့ပေးမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များ ညှိနှိုင်းရေးရုံး UNOCHA မှ Ms. Babara က ပြောကြားရာတွင် တိမ်းရှောင်မိသားစုဝင်များအား ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့များက သွားရောက်ရန် မခက်ခဲသောဒေသများတွင် ကူညီထောက်ပံ့ပေးခြင်းလုပ်ငန်းများကို ၂၀၁၁ ခုနှစ် ဇွန်လမှ စတင်ဆောင်ရွက်ပေးခဲ့ကြောင်း၊ သွားလာရေးခက်ခဲသောဒေသများသို့ သွားရောက်ကူညီထောက်ပံ့မှုများ ပေးနိုင်ရေး အဆင့်ဆင့်တင်ပြဆောင်ရွက်ခဲ့ရာ ယခုနှစ် မတ်လတွင် ခွင့်ပြုချက်ရရှိခဲ့ပြီး ဧပြီ ၂၆ ရက်အထိ ခရီးစဉ်(၅)ခု ရေးဆွဲ၍ တစ်လစာ စားနပ်ရိက္ခာများ၊ မိသားစု အသုံးအဆောင်ပစ္စည်းများ၊ ရေသန့်ဆေးပြား၊ ဓာတ်ဆားထုပ်များ၊ အရေးပေါ်သုံး ဆေးသေတ္တာများကို ထောက်ပံ့ ပေးအပ်နိုင်ခဲ့ကြောင်း၊ ကယ်ဆယ်ရေးစခန်းများ၏ အဓိက လိုအပ်ချက်များမှာ အဆောက်အအုံ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး လိုအပ်ချက်များဖြစ်ကြောင်း၊ နောက်ခရီးစဉ်များတွင်လည်း လုံခြုံရေးအခြေအနေပေးပါက ဆက်လက်သွားရောက်နိုင်ရေး ပြင်ဆင်ထားကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ ICRC မှ Mr. Takanori က ပြောကြားရာတွင် ICRC အနေဖြင့် နိုင်ငံရေး၊ စစ်ရေးနှင့် မဆိုင်သော ပြည်သူလူထု၏ လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီနေပါကြောင်း၊ လတ်တလောအားဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ လုပ်ငန်းစဉ်များ အောင်မြင်ရေးအားဖြည့်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဆွေးနွေးပြောကြားသည်။ ယင်းနောက် WFP မှ ဒုတိယဌာနေကိုယ်စားလှယ် Mr. Guillaume Foliot က ယနေ့အချိန်ထိ လစဉ် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ အာဟာရမှုန့်များ ကူညီထောက်ပံ့ပေးမှုများ၊ နောင်ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းပြောကြားပြီးနောက် ယခု ဂျန်မိုင်ကောင်းစခန်းသို့ ရောက်ရှိစဉ် တိမ်းရှောင်မိသားစုဝင်များအတွက် ညစာ ချက်ပြုတ်စီစဉ်နေမှုများကို ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ပြည့်စုံမှုရှိသည်ကို တွေ့ရှိခဲ့ရပါကြောင်း ထည့်သွင်းပြောကြားသွားသည်။

ယင်းနောက် ဂျန်မိုင်ကောင်း နှစ်ခြင်းအသင်းတော် ကယ်ဆယ်ရေးစခန်း အပါအဝင် ကယ်ဆယ်ရေးစခန်း အသီးသီးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ လှူဒါန်းထောက်ပံ့ငွေ ကျပ်သိန်း ၁၀၀၊ ဗလာစာအုပ် ဒါဇင် ၅၀၀ နှင့် စာရေးကိရိယာများ၊ ကျောင်းဝတ်စုံ (အဖြူ/အစိမ်း) အစုံ ၃၀၀ နှင့် (၁၄)လက်မ ရုပ်မြင်သံကြားပြစက် သုံးလုံးတို့ကို ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းနှင့် တာဝန်ရှိသူများက ပေးအပ်ရာ ကယ်ဆယ်ရေးစခန်းရှိ တိမ်းရှောင်မိသားစုဝင် ကိုယ်စားလှယ်များ၊ ကျောင်းသား ကျောင်းသူလေးများက လက်ခံကြသည်။

ဆက်လက်၍ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်က ကယ်ဆယ်ရေးစခန်းများအတွက် ဆန်ဖိုးငွေကျပ် ၄၀၈၀၆၀၀၊ အိမ်မိုးသွပ် အချပ် ၁၄၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ခြောက်မျိုးပါဝင်သည့် အရေးပေါ်သုံးပစ္စည်းများကိုလည်းကောင်း၊ UNDP မှ ကချင်ပြည်နယ် CDRT စီမံကိန်း မန်နေဂျာ ဦးရဲထွဋ်က အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ဝင်ငွေတိုးလုပ်ငန်းများအတွက် ရင်းနှီးထောက်ပံ့ငွေကျပ်သိန်း ၁၀၀ ကို လည်းကောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ညှိနှိုင်းရေးမှူး ဒေါက်တာ အောင်ကျော်ထွဋ်က ကျောင်းဝတ်စုံ(အဖြူ/အစိမ်း) အစုံ ၁၄၀၀ နှင့် ဓာတ်ဆားထုပ်များကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးက ကယ်ဆယ်ရေးစခန်းများအား နိုင်ငံတော်အစိုးရ၊ ကချင်ပြည်နယ်အစိုးရ အဖွဲ့နှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အကူအညီများ ပေးအပ်လျက်ရှိရာ နယ်မြေလုံခြုံရေး အခြေအနေအရ အချို့နေရာများ၌ ခေတ္တရပ်ဆိုင်းမှုများရှိခဲ့ပါကြောင်း၊ နယ်မြေဒေသတစ်ခု၏ လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုသည် အလွန်အရေးကြီးပါကြောင်း၊ ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရန် လိုလားလျက်ရှိသည့် ဒေသတွင်းရှိ ပြည်သူများ၏ဆန္ဒကို အလေးထားရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရေကြောင်းခရီးစဉ်တွင် iPay ကတ်စနစ် တပ်ဆင်သုံးစွဲခြင်း အဆင်ပြေစေရန် စီစဉ်ဆောင်ရွက်လျက်ရှိ

သတင်း-ချစ်ဝင်းမြတ်(ကြေးမုံ)
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

နတ်ပိုက်ဆံကတ်ဟု ခေါ်တွင်သည့် iPay Card သုံးစွဲခြင်းသည် မြို့တွင်းပြေးဆွဲနေသည့် ယာဉ်လိုင်းများတွင် အဆင်ပြေ အောင်မြင်မှုရှိသော်လည်း ရေကြောင်းခရီးစဉ်တွင် အသုံးပြုရန်အတွက်မူ ကွဲပြားခြားနားသည့် အခက်အခဲအချို့ ရှိနေကြောင်း၊ ယင်းအခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်မှုများပြုလုပ်လျက်ရှိပြီး မကြာမီ ရေကြောင်းခရီးစဉ် (အထူးသဖြင့် ကူးတို့လိုင်း)များတွင် တပ်ဆင်သုံးစွဲသွားနိုင်မည် ဖြစ်ကြောင်း သိရသည်။

ကုန်းလမ်းခရီး (အထူးသဖြင့် မြို့တွင်းခရီးစဉ်)များနှင့် ရေကြောင်းခရီးစဉ်များ အကြား ကွဲပြားခြားနားမှုများမှာ မြို့တွင်း ဘတ်စ်ကားခရီးစဉ်သည် ခရီးသွားပြည်သူများအနေဖြင့် ခရီးစဉ်ပိုင်းဖြတ်မှု မရှိဘဲ ဂိတ်စ၊ ဂိတ်ဆုံး သတ်မှတ်နှုန်းထား တစ်ခုတည်းသာ ကောက်ခံခြင်းဖြစ်ရာ iPay Card ကို တပ်ဆင် အကောင်အထည်ဖော်ရာ၌ အဆင်ပြေစေပြီး ရေကြောင်းခရီးစဉ် (အထူးသဖြင့် ကူးတို့လိုင်း)တွင် သတ်မှတ်နှုန်းထားများ မတူညီခြင်း၊ ကုန်တင်ဆောင်ခြင်းတို့သည် အဓိက ခြားနားမှုများဖြစ်ကြောင်း သိရသည်။ ယင်းသို့ ကွဲပြားခြားနားချက်များနှင့် ပတ်သက်၍ ရေကြောင်းပို့ဆောင်ရေးမှ တာဝန်ရှိသူတစ်ဦးက "ရေကြောင်းခရီးစဉ်မှာက ခရီးသည်သက်သက်က ကိစ္စမရှိဘူး။ ကုန်တွေပါလာတာက အခက်တွေ့နိုင်တယ်။ ရေလမ်းနဲ့ ကုန်းလမ်းမှာ လုပ်ငန်းသဘာဝအရ ခြားနားမှုတွေရှိနေတယ်။ ပန်းဆိုးတန်း-ဒလ ကူးတို့ခရီးစဉ်အတွက် လုပ်ထားတာက ရန်ကုန်-ခနောင်တို ကူးတို့ခရီးစဉ်မှာ ပြောင်းတပ်လို့မရဘူး။ လိုင်းတစ်ခုချင်းစီအတွက်ဆိုရင် နှုန်းထားမတူတဲ့အတွက် စက်တစ်ခုချင်းစီရှိမှရမယ်။ အဲဒီအတွက်ကိုလည်း အဆင်ပြေအောင်တော့ ညှိနှိုင်းလုပ်ဆောင်နေပါတယ်"ဟု ရှင်းပြသည်။

ရေကြောင်းခရီးစဉ်တွင် iPay စနစ် အကောင်အထည်ဖော်မှုနှင့် ပတ်သက်ပြီး iPay Card အကောင်အထည်ဖော် စီမံနေသည့် စီမံကိန်းမန်နေဂျာ ကိုအောင်ကျော်က "ရေကြောင်းမှာက ခရီးစဉ်ပေါ်မူတည်ပြီး အခကြေးငွေက ကွဲပြားမှုတွေရှိတယ်။ ကုန်တင်ဆောင်တာရှိတယ်ဆိုတော့ ညှိနှိုင်းမှုတွေလုပ်နေတယ်။ ဘယ်လိုအဆင်ပြေအောင်လုပ်မလဲပေါ့။ အဲဒီအပေါ်မှာလေ့လာပြီး အဆင်ပြေစေမယ့်နည်းတွေနဲ့ စီစဉ်ဆောင်ရွက်နေပါတယ်။ ကူးတို့ဆိပ်အဝင်မှာ ဒလက်နဲ့လုပ်ပြီး နှုန်းထားတွေကို ဆော့ဖ်ဝဲနဲ့ ကောက်ယူသွားတာမျိုးတွေ လုပ်ဖို့လည်း စီစဉ်နေပါတယ်"ဟု ရှင်းပြသည်။

ဤကဲ့သို့သော ရေကြောင်းခရီးစဉ်များတွင် iPay Card များ သုံးစွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

iPay Card သုံးစွဲခြင်းဖြင့် ယခုကဲ့သို့ လက်မှတ်ဖြတ်ရသော အချိန်ကြန့်ကြာမှုများ ရှိတော့မည် မဟုတ်ပေ။

ရေကြောင်းခရီးစဉ်တွင် ပထမအဆင့် အနေဖြင့် ကူးတို့လိုင်းများတွင် စတင်တပ်ဆင်အသုံးပြုနိုင်ရန်အတွက် စီစဉ်လျက်ရှိပြီး လူတစ်ဦးနှုန်းထား၊ ကုန်ပါဝင်လာပါက ကုန်နှုန်းထား စသည့် နှုန်းထားများကို တွက်ချက်ခြင်း၊ အဝင်တွင် ဖြတ်သန်းရန် ဒလက်များ တပ်ဆင်နိုင်ရန် စီစဉ်ခြင်းတို့ကို ယခုရက်ပိုင်းအတွင်း သီးသန့်အဖွဲ့ဖွဲ့ကာ လေ့လာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလုပ်ဆောင်မှုများ ပြီးစီးပါက ကူးတို့လိုင်းတွင် တပ်ဆင်အသုံးပြုသွားနိုင်မည် ဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောသည်။

ထိုသို့ နှုန်းထားမတူညီခြင်းများအတွက် စီစဉ်ရာတွင် သတ်မှတ်နှုန်းထားအလိုက် iPay စက်တွင် ခလုတ်များ အသီးသီး တပ်ဆင်ထားမည်ဖြစ်ပြီး ခရီးသည် အနေဖြင့် ငွေကျပ် ၅၀ ခရီးစဉ်ဆိုပါက ငွေကျပ်၅၀ အတွက် သတ်မှတ်ထားသည့် ခလုတ်ကိုနှိပ်၍ ကတ်ခြစ်သွားရမည်ဖြစ်ပြီး ကုန်တင်ဆောင်ခြင်းတွင်လည်း ထိုနည်းတူ တန်ဖိုးနှုန်းထားအလိုက် ခလုတ်များကို ရွေးချယ်ကာ ကတ်ခြစ်သွားရမည် ဖြစ်ကြောင်း သိရသည်။

iPay ကတ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းသည် အဓိကအားဖြင့် ခရီးသွားပြည်သူတို့ နေ့စဉ် ကြုံတွေ့နေရသည့် ငွေအကြွေအခက်အခဲကို ဖြေရှင်းပေးနိုင်ရန်ရည်ရွယ်ခြင်းဖြစ်ပြီး ရေကြောင်းခရီးစဉ်ဖြစ်သည့် ပန်းဆိုးတန်း- ဒလ၊ ရန်ကုန်-ဆိပ်ကြီး၊ ရန်ကုန်-ခနောင်တို၊ ဝါးတန်း-ဒလ ကူးတို့ခရီးစဉ်များတွင်လည်း တပ်ဆင်အသုံးပြုနိုင်ရန်အတွက် လိုအပ်သည့် စီစဉ်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ပန်းဆိုးတန်း-ဒလ ကူးတို့ခရီးစဉ်သည် နေ့စဉ် ခရီးသည်ဦးရေ သုံးသောင်းခန့် သွားလာမှုရှိသောနေရာ ဖြစ်သည်။

☆ ရှေ့ဖုံးမှ

အမှန်တကယ်ပြုပြင်ပြောင်းလဲလုပ်ဆောင်ကြရမည့် ကဏ္ဍနှင့် ဒေသန္တရစီမံချက်များကို လက်တွေ့ကျင့်သုံး၍ရမည့် နည်းလမ်းများ ရေးဆွဲပြီး လက်တွေ့ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန် ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် Reform လုပ်ရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများက ဘာတွေ Reform လုပ်ရန်လိုသလဲ၊ ဘယ်လိုအစီအမံနှင့် Reform လုပ်မှာလဲဆိုသည်ကို ဦးစွာလေ့လာသုံးသပ်ပြီး မိမိတို့၏ အစီအစဉ်မူကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြခြင်း၊ သမ္မတကြီး၏ မူဝါဒလမ်းညွှန်မှု ရယူခြင်းများ ဆောင်ရွက်၍ ရေးဆွဲသွားရန် လိုပါကြောင်း။

Reform လုပ်ရာတွင် ယခင်က လွှတ်တော်၌ ဥပဒေအဖြစ် တင်သွင်းအတည်ပြုပြီးခဲ့သော အမျိုးသားစီမံကိန်းကို အနာဂတ်ကာလတွင် ပိုမိုပြုပြင်ပြောင်းလဲရန် လိုအပ်သည့် Physical Development Plan များ ပေါင်းစပ်ပြီး ပြည်သူများ၏လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်မည့် People Centred Development Reform ဖြစ်ရန် လိုအပ်ပါကြောင်း။

Reform လုပ်စရာမလိုသည့် ကဏ္ဍများလည်းရှိနိုင်ပြီး လက်ရှိအခြေအနေမှ တစ်ဆင့်ပြီးတစ်ဆင့် မြှင့်တင်လုပ်သွားရမည့် Development Plan များလည်း ရှိမည်ဖြစ်ပါကြောင်း၊ ၎င်းကို ခွဲခြားဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း။

ပြည်သူလူထု ပြုပြင်ပြောင်းလဲစေချင်သည့် ပြည်ထောင်စုဝန်ကြီးဌာန၊ ရုံးဌာနများ၊တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအထိ စီမံအုပ်ချုပ်ရေးအဆင့်ဆင့် မပြေလည်မှုများအပေါ် အစိုးရဌာနစီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲရေးဖြစ်သည့်(Public Administration Reform) ပြုလုပ်ရန် လိုအပ်နေပြီး ထိုသို့လုပ်ဆောင်ရာတွင် ပါဝင်သော-

- Management System Development,
- Policy and Decision Making Process,
- Transparency Promotion and Good Governance,
- Organizational Structural Reform,
- Performance System Improvement,
- E-government Development,
- Establishing Public Service Ethics and Code of Conduct,
- Integrated Development Plan စသည်တို့နှင့် ဘက်စုံထည့်သွင်းစဉ်းစားနိုင်မှသာ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် အဆင့်ကို ရောက်နိုင်မည် ဖြစ်ပါကြောင်း။

ဒုတိယပိုင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စများမှာ တိုင်းပြည်၏ စီးပွားရေးကိုသိသိသာသာ တွန်းတင်နိုင်မည့် Investment and Trade ပိုင်းတွင် ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများသည် နိုင်ငံတကာ၌ လုပ်ကိုင်နိုင်သကဲ့သို့လုပ်ကိုင်နိုင်ရန်၊ လက်တွေ့ကျသော ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ မူဝါဒချမှတ်ပြီးပြီဆိုလျှင်လည်း ထိုမူဝါဒများခိုင်မာရန်၊ လူတစ်စုအတွက် မဟုတ်ဘဲ အများက လွယ်ကူချောမွေ့စွာလုပ်ကိုင်နိုင်ရန်၊ ပွင့်လင်းထင်သာမြင်သာရှိရန်၊ လုပ်သာကိုင်သာရှိပြီး ရေရှည်ဆောင်ရွက်နိုင်ရန် လိုပါကြောင်း၊ ထိုအခြေအနေဆောင်ရွက်နိုင်ရန် ပြည်ထောင်စုဝန်ကြီးဌာန ဝန်ကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ ဝန်ကြီးချုပ်များ၏ ကဏ္ဍတစ်ခုချင်း အသေးစိတ် ပွင့်ပွင့်လင်းလင်း အပြန်အလှန် ညှိနှိုင်းနိုင်ရေး ရှိရန် အထူးအရေးကြီးပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဒေသ၏ Land Use Policy and Development Plan အရ ရင်းနှီးမြှုပ်နှံခွင့် ပြုပေးနိုင်မယ့် ဦးစားပေးကဏ္ဍအလိုက်

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး တင်ပြစဉ်။ (သတင်းစဉ်)

မြေနေရာရရှိရေး၊ ဒေသ၏ Resource Based အရ ရင်းနှီးမြှုပ်နှံနိုင်မည့် ကုန်ကြမ်းပမာဏနှင့် ခွင့်ပြုနိုင်မည့် နေရာအနေအထား၊ ဒေသ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် စီးပွားရေးတိုးတက်ရန်လိုအပ်ချက်အရ ထူထောင်ရင်းနှီးမြှုပ်နှံခွင့်ပေးလိုသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလက်မှုနှင့် အခြားကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများကို ခွင့်ပြုပေးနိုင်မည့် အခြေအနေများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဒေသန္တရအဖွဲ့များအတွက် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း (Investment Plan) စသော ကဏ္ဍတစ်ခုချင်း အသေးစိတ် အပြန်အလှန် ညှိနှိုင်းဆွေးနွေးကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ယခုအခါတွင် နိုင်ငံတကာမှ လာရောက်ပြီး ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ မေးမြန်းလေ့လာကြ၊ Forum, Seminar များ၊ Business Matching များလုပ်နေကြသည်ကို တွေ့ရသကဲ့သို့ ပြည်ထောင်စုဝန်ကြီးဌာနအချင်းချင်း ဟိုဌာနမှုကတစ်မျိုး၊ ဒီဌာနမှုကတစ်မျိုး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များကလည်း သူ့မူနှင့်သူလုပ်ကြသည့် အလေ့အထများကြောင့် ရင်းနှီးမြှုပ်နှံလိုသူများကြားတွင် အခက်အခဲတွေ့နေကြရသည့် အခြေအနေကို ပြန်လည်လေ့လာသုံးသပ်ကြပြီး ၎င်းညှိနှိုင်းအစည်းအဝေးတွင် ခိုင်မာသော အဖြေထွက်သည်အထိ ညှိနှိုင်းကြရန်၊ ညှိနှိုင်းရရှိချက်များကို ပြန်လည်ပြုစုပြီး နိုင်ငံတော်သို့ တင်ပြ၍ မူဝါဒချမှတ်နိုင်ရေး၊ လက်တွေ့ကျပြီး ရေရှည်အသုံးပြုနိုင်သော ခိုင်မာသည့် လုပ်ထုံးလုပ်နည်းများ ချမှတ်ရန်၊ နိုင်ငံ့ပြည်သူများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ သိသာမြင်သာအောင် ထုတ်ပြန်ကြေညာ၍ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ရန်လိုပါကြောင်း။

အချုပ်မှာ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံတော်အတွက် အလွန်အရေးကြီးလာသည့် ကိစ္စရပ်ဖြစ်၍ သိသာသော ပြောင်းလဲတိုးတက်မှု ရရှိနိုင်အောင် ဆောင်ရွက်ရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဒေါက်တာဆက်အောင်က Reform Strategy နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး ဒုတိယသမ္မတက ဖြည့်စွက်ရှင်းလင်းမှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ၊ စက်မှုဇုန်၊ စက်မှုကဏ္ဍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုခွင့်ပြုပေးနိုင်မည့် လုပ်ငန်းနယ်ပယ်များအပေါ် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုခွင့်ပြုပေးနိုင်မည့် လုပ်ငန်းနယ်ပယ်များအပေါ် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လည်းကောင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုခွင့်ပြုပေးနိုင်မည့် လုပ်ငန်းနယ်ပယ်များအပေါ် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လည်းကောင်း၊ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုခွင့်ပြုပေးနိုင်မည့် လုပ်ငန်းနယ်ပယ်များအပေါ် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုခွင့်ပြုပေးနိုင်မည့် လုပ်ငန်းနယ်ပယ်များအပေါ် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လည်းကောင်း၊ အိမ်ရာနှင့် အဆောက်အအုံ တည်ဆောက်ခြင်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုခွင့်ပြုပေးနိုင်မည့် လုပ်ငန်းနယ်ပယ်များအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လည်းကောင်း၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုခွင့်ပြုပေးနိုင်မည့် လုပ်ငန်းနယ်ပယ်များအပေါ် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုခွင့်ပြုပေးနိုင်မည့် လုပ်ငန်းနယ်ပယ်များအပေါ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က လည်းကောင်း ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက ရင်းနှီးမြှုပ်နှံမှုနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက နိဂုံးချုပ်အမှာစကား ပြောကြားရာ၌ **ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရာတွင် ဝန်ကြီးဌာနများအနေဖြင့် မည်သို့လုပ်ဆောင်မည်၊ မည်သည့်အပိုင်းမှ စတင်လုပ်ဆောင်မည်ကို စဉ်းစားဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ပြင်ပမှ ရင်းနှီးမြှုပ်နှံမှုများ ကမ်းလှမ်းနေသော်လည်း မိမိတို့မှ လက်ခံရန် အသင့်မဖြစ်သေးကြောင်း၊ ပေါ်ပေါက်လာသည့်အခွင့်အရေးကို လက်လွှတ်မခံသင့်ကြောင်း၊ ပြုပြင်ပြောင်းလဲမည့်စီမံချက်မူကြမ်းကို ယခုလကုန်တွင် အပြီးဆောင်ရွက်တင်ပြရန်ဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲရာတွင် မူဝါဒနှင့်ကြီးကြပ်မှုကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများ ပြုပြင်ပြောင်းလဲမှုလုပ်ရာတွင် ဦးစီးဌာနများ ဖောင်းပွနေမှုရှိ၊ မရှိ၊ လေလွင့်မှုများရှိ၊ မရှိ ပြန်ကြည့်ရန်လိုကြောင်း၊ ပြုပြင်ရန် လို၊ မလို လက်ရှိအတိုင်းသွားရန် လို၊ မလို စဉ်းစားဆောင်ရွက်ကြရန်နှင့် ပြုပြင်ရန်ရှိက အမြန်ဆောင်ရွက်ကြရန် လိုကြောင်း၊ ညွှန်ကြားရေးမှူးချုပ်အဆင့်မှ အောက်ခြေအထိ ဆက်ဆံပုံ၊ လုပ်ကိုင်ဆောင်ရွက်ပုံများကို ပြောင်းလဲရန်ရှိက ပြောင်းလဲကြရန်လိုအပ်ကြောင်း၊ သာမန်အားဖြင့် အောက်ခြေမှ တက်လာသော ဝန်ထမ်းများအနေဖြင့် လုပ်ငန်းကျွမ်းကျင်မှုတွင် ပြောရန်မရှိသော်လည်း ကြားမှဖြတ်ဝင်လာသော ပုဂ္ဂိုလ်များရှိလာပါက မူလဝန်ထမ်းများ စိတ်ဓာတ်ကျဆင်းစေနိုင်ကြောင်း၊ ၎င်းအပြင် ဝန်ကြီးဌာန၏ လုပ်ငန်းလည်း အထိုက်အလျောက်ကျဆင်းသွားနိုင်ကြောင်း၊ သို့ဖြစ်၍ မိမိတို့ ခန့်ထားလိုသူများရှိပါက အရည်အသွေးကို သိရှိနိုင်အောင် ဝင်ခွင့်စာမေးပွဲများဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ ၎င်းသို့သောစနစ်မျိုးဖြင့်သာ ပြုပြင်သင့်၊ ဆောင်ရွက်သင့်ပြီး နိုင်ငံတော်အတွက် စဉ်းစားသင့်ဆောင်ရွက်သင့်သော လုပ်ငန်းလည်းဖြစ်ပါကြောင်း၊ မူလဝန်ထမ်းအတွက် လမ်းပိတ်ထားသည့်ပုံစံမျိုးမဖြစ်စေရန်လည်း စဉ်းစားဆောင်ရွက်သင့်ပါကြောင်း။**

ပြည်တွင်းလုပ်ငန်းရှင်များနှင့်ပတ်သက်၍ နိုင်ငံခြားမှလာရောက်ရင်းနှီးမြှုပ်နှံမှုများကို ပေးသင့်၊ မပေးသင့် စဉ်းစားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဘဏ်လုပ်ငန်းလုပ်ကိုင်သူက မိမိတို့နိုင်ငံနှင့်ပတ်သက်၍ နောက်ပြန်သွားမည်လား၊ ရှေ့တိုးမည်လား သံသယရှိနေချိန်တွင် ဖက်စပ်လုပ်မှု ခွင့်ပြုမည်ဆိုပါက တချို့ပြန်လှည့်သွားနိုင်ကြောင်း၊ တချို့ကလည်း ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများအားလုံးကို ပြန်ထုတ်သွားခြင်းအားဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ နစ်နာနိုင်သည်ကိုလည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါကြောင်း၊ နိုင်ငံခြားငွေကိုင်ဆောင်မှုနှင့်ပတ်သက်၍ မလိုအပ်သော ထိန်းချုပ်မှုများကိုလည်း ပြုပြင်ပြောင်းလဲရမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းလုပ်ဆောင်ရာတွင် ဝေဖန်ခံနိုင်မှ အမှန်ကိုမြင်ရမည်ဖြစ်၍ ဝေဖန်ခံနိုင်ရန်လည်း လိုအပ်ပါကြောင်း။

ဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းပိုင်းတွင် တစ်နှစ်ကျော်ခဲ့သော်လည်း အကောင်အထည်မဖော်နိုင်သည်များ ရှိပါကြောင်း၊ လုပ်နိုင်သည်၊ မလုပ်နိုင်သည်ကို ရှင်းရှင်းလင်းလင်းဖြစ်ရန် လိုအပ်ပါကြောင်း၊ အချို့က ပြောင်းလဲ

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး တင်ပြစဉ်။ (သတင်းစဉ်)

ပြီဆိုသော်လည်း အမှန်တကယ်လုပ်ကိုင်သည့်အခါ အကန့်အသတ်များစွာရှိနေသည်ကို တွေ့ရပါကြောင်း၊ ၎င်းသည်များကိုလည်း ပြုပြင်ပြောင်းလဲရမည်ဖြစ်ပါကြောင်း၊ အစည်းအဝေးများတွင် စီမံကိန်းများ၊ စီမံချက်များ၊ အားနည်းချက်၊ အားသာချက်များကို ဆောင်ရွက်ကြမည်၊ ပြုပြင်ကြမည်ဟု ပြောသည်မှာ ခေါက်ရိုးကျိုးနေပြီဖြစ်ပါကြောင်း၊ အားနည်းချက်များကို သိသော်လည်း မပြင်ရဲဘဲဖြစ်နေကြကြောင်း၊ ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အကျိုးအမြတ်ကို မူတည်ဆောင်ရွက်ကြသော်လည်း မိမိတို့အစိုးရဌာန ဝန်ထမ်းများမှာမူ ကိုယ်ကျိုးစွန့်၍ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ချိတ်ဆက်ဆောင်ရွက်ရန်ရှိပါက လွှတ်တော်နှင့် ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုသည် ဝန်ကြီးဌာနအားဖြင့်ဖြစ်စေ၊ အစိုးရအနေဖြင့်ဖြစ်စေ၊ နိုင်ငံတော်သမ္မတ၏ အခွင့်အာဏာဖြင့်ဖြစ်စေ ပြောင်းလဲနိုင်ပါကလည်း ပြောင်းလဲရန် မခက်သည်ကို တွေ့ရှိနိုင်ပါကြောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာဖြင့် ပြောင်းလဲနိုင်သည့်ကိစ္စများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ ဆောင်ရွက်နိုင်ပါကြောင်း၊ အချိတ်အဆက်မမိသည်များလည်း ရှိနေသေးပါကြောင်း၊ လက်အောက်တွင် လိုလားချက်များရှိနေသကဲ့သို့ မိမိတို့မှလည်း ပေးနိုင်သည်များရှိပါကြောင်း၊ လုပ်ပေးချင်သည်များ များစွာရှိသော်လည်း အချိတ်အဆက်မမိသည်များ ဖြစ်နိုင်သဖြင့် မကြာခဏတွေ့ဆုံကြလျှင် အဆင်ပြေသွားနိုင်ပါကြောင်း၊ ထိုသို့ တွေ့ဆုံခြင်းဖြင့် နိုင်ငံတော်သမ္မတ၏ လုပ်ပိုင်ခွင့်နှင့် ဝန်ကြီးဌာနများ၏ လုပ်ပိုင်ခွင့်များအရ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်သွားနိုင်မည်ကို တွေ့ရပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုလုပ်ရာတွင်ဖြစ်စေ၊ ရင်းနှီးမြှုပ်နှံရာတွင်ဖြစ်စေ၊ တက်ညီလက်ညီ လုပ်ဆောင်ကြမည်ဆိုပါက မူလတင်ပြထားသည့် ၁ ဒသမ ၅ ဆ ထက်တိုး၍ နှစ်ဆ၊ သုံးဆ ဖြစ်လာနိုင်ပါကြောင်း၊ တက်သည့် ကဏ္ဍရှိသကဲ့သို့ မတက်သည့် ကဏ္ဍအချို့လည်း ရှိနိုင်ပါကြောင်း။

ဟိုတယ်နှင့် ခရီးသွားကဏ္ဍဆိုလျှင် တက်ရန် အလွန်ကောင်းသည့် ကဏ္ဍဖြစ်ပါကြောင်း၊ လာချင်သူများလည်း များစွာရှိနေကြောင်း၊ အကြီးစားဟိုတယ်များ လုပ်ဆောင်မည့်အစား သပ်သပ်ရပ်ရပ်ဖြင့် လုံခြုံစိတ်ချရသည့်၊ အဆင်ပြေချောမွေ့သည့်၊ ဈေးနှုန်းချိုသာသည့် ဟိုတယ်မျိုးမည်ကဲ့သို့ လုပ်ဆောင်မည်ကို စဉ်းစားသင့်ပါကြောင်း၊ ထုထည်ကြီးမားသည့် အဆောက်အအုံများ တည်ဆောက်လုပ်ကိုင်မည့်အစား မိမိတို့၌ ရှိပြီးဖြစ်သည့် အဆောက်အအုံများဖြင့် လုပ်ကိုင်၍ ရနိုင်၊ မရနိုင် စဉ်းစားသင့်ပါကြောင်း၊ ငွေကြေးပြည့်စုံကြွယ်ဝသည့် ခရီးသွားများရှိသကဲ့သို့ ကျောပိုးအိတ်ဖြင့်သာ လာရောက်သည့် ခရီးသွားများရှိသည်ကိုလည်း တွက်ဆရန် လိုအပ်ပါကြောင်း၊ ယခင်က တစ်ခန်းလျှင် ဒေါ်လာ ၄၀ ခန့်ဖြင့် ခရီးသွားများတည်းခိုနိုင်ရာမှ ယခုအခါ ဒေါ်လာ ၂၀၀၊ ၃၀၀ ဖြစ် နေသည်ကိုလည်း မီဒီယာများမှ သိရပါကြောင်း၊ လုံခြုံစိတ်ချပြီး သန့်ရှင်းသပ်ရပ်သည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ခရီးသွားများပြောစကားအရ သတင်းများ ပျံ့နှံ့သွားနိုင်သည်ကိုလည်း စဉ်းစားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် ဝန်ကြီးဌာနအားလုံး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ပြုပြင်ပြောင်းလဲရန်ရှိသည်များ၊ ပြုပြင်ပြောင်းလဲမှုများ၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ၊ ရေတိုရေရှည်ချေးငွေများ၊ ငွေကြေးအကူအညီများနှင့်စပ်လျဉ်း၍ သပ်သပ်ရပ်ရပ်ဖြင့် တိကျခိုင်မာသည့် ဥပဒေများ အမြန်အကောင်အထည်ဖော်နိုင်ပါက မိမိတို့နိုင်ငံအနေဖြင့် များစွာ အလားအလာကောင်းများ ရှိလာနိုင်ပါကြောင်းဖြင့် ပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အင်တာနက်ကျန်းမာရေးသတင်း သက်ထွေး

ကာကွယ်တားဆီးနိုင်သော ကူးစက်ရောဂါများဖြင့် ကလေးငယ်အများဆုံးသေဆုံးနေရ

ကမ္ဘာတစ်ဝန်းရှိ ကလေးငယ်အများစုသေဆုံးရခြင်းသည် အထူးသဖြင့် ကာကွယ်တားဆီး၍ရနိုင်သော ကူးစက်ရောဂါများမှတစ်ဆင့်ဖြစ်ပွားရခြင်းဖြစ်သည်ဟု ကျွမ်းကျင်သူများကပြောသည်။

ယင်းမှာ အမေရိကန်ပြည်ထောင်စုမှ အဖွဲ့တစ်ဖွဲ့က ၂၀၁၀ ခုနှစ်မှ အသေအပျောက်နှုန်းခန့်မှန်းတွက်ဆချက်များကို ကြည့်ရှုလေ့လာကာပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ လေ့လာချက်အရ ၎င်းတို့သည် ကလေးငယ် ၇ ဒသမ ၆ သန်း၏ သုံးပုံနှစ်ပုံမှာ ကူးစက်ခံရသော ရောဂါများကြောင့် ၎င်းတို့၏ ငါးနှစ်မြောက်မွေးနေ့မရောက်မီ သေဆုံးခဲ့ရပြီး ယင်းသေဆုံးမှုများအားဦးဆောင်နေသည့် ရောဂါမှာ အဆုတ်ရောင်ရောဂါဖြစ်ကြောင်း တွေ့ရှိခဲ့ကြသည်။

ယင်းကဲ့သို့သော တွေ့ရှိချက်များမှ တစ်စုံတစ်ရာ အရေးယူဆောင်ရွက်မှုအဆင့်သို့ ကူးပြောင်းရန် အလွန်

အရေးကြီးပါသည်ဟု ကျွမ်းကျင်သူတစ်ဦးက ဆိုသည်။

ဂျွန်ဟော့ပ်ကင်းဘလွန်းဘာ့ဂ် လူထုကျန်းမာရေး ကျောင်းမှ အဖွဲ့တစ်ဖွဲ့က နိုင်ငံပေါင်း ၁၉၃ နိုင်ငံရှိ အိမ်ထောင်စုတိုင်းတာလေ့လာရေးနှင့် မှတ်ပုံတင်စနစ်အပါအဝင် ကလေးငယ်များသေဆုံးမှုအစပြုရာရင်းမြစ်များထဲမှ အချက်အလက်များကို ကြည့်ရှုလေ့လာခဲ့ကြသည်။အချက်အလက် မပြည့်စုံသည့်နေရာများတွင် ပုံစံတူတွက်ချက်နည်းများ အသုံးပြုခဲ့သည်။

ကလေးငယ်များသေဆုံးမှုသည် ၂၀၀၀ ပြည့်နှစ်မှစ၍ နှစ်သန်း (၂၆ ရာခိုင်နှုန်း) ကျဆင်းခဲ့သည်ကို ၎င်းတို့ တွေ့ရှိခဲ့ပြီး အဆုတ်ရောင်ရောဂါကဲ့သို့ ဝမ်းလျှောခြင်းနှင့် ဝက်သက်ရောဂါအပါအဝင်သေဆုံးမှုအကြောင်းရင်းခံရောဂါများသိသိသာသာ လျော့ကျခဲ့သည်ကို တွေ့ရှိခဲ့ကြသည်။

အာဖရိကနှင့် အရှေ့တောင်အာရှဒေသတို့သည် ငါးနှစ်အောက်ကလေးငယ်များ အများဆုံးသေဆုံးသည့် နေရာများ အဖြစ်ကြိမ်ဖန်များစွာ သတ်မှတ်ခံခဲ့ရသည်။ ၂၀၁၅ ခုနှစ် ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်သို့ရောက်ရန် အဆိုပါ သေဆုံးမှုအဓိက ဖြစ်စဉ်နှစ်ရပ်နှင့် ယင်းဒေသနှစ်ခုတို့တွင် အရှိန်အဟုန်မြှင့် လျှော့ချသွားရန်လိုအပ်သည်ဟုဆိုသည်။

အင်တာနက်။

မြို့ကျက်သရေဆောင် ဦးဝိစာရလမ်း

သတင်းမှတ်စု ➢ သီရိမေ | ဓာတ်ပုံ ➢ ငွေအောင်

လွန်ခဲ့သည့်အနှစ် နှစ်ဆယ်ကျော်ကာလက ခေတ်စားခဲ့သော 'မောင့်သီရိမေ' သီချင်းလေးကို ယနေ့ထက်တိုင် မမေ့နိုင်ပါ။ ရေတမာပင်အောက်က သာယာလွမ်းဆွတ်ဖွယ် ခံစားချက်တေးသွားလေးများမှာ ထိုစဉ်က သီရိမေအတွက် ယနေ့ထက်တိုင် မမေ့နိုင်စရာဖြစ်ပါသည်။ တိုက်တိုက်ဆိုင်ဆိုင် သက်တမ်းရှည် ရေတမာပင်များရှိသည့် ရန်ကုန်မြို့ဦးဝိစာရလမ်းမှ ရေတမာပင်နှင့် ယာဉ်သွားလမ်းကိစ္စတို့ကို ကြားသိရသောအခါတွင်လည်း သမိုင်းဝင် ဦးဝိစာရလမ်းအကြောင်းကို ပြန်ပြောင်းသတိရမိပါသည်။ ဦးဝိစာရလမ်းသည် မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းတွင် အထင်အရှားဖြစ်သကဲ့သို့ တစ်ချိန်သောကာလက ရန်ကုန်မြို့၏ အလှအပသာမက အရှေ့တောင်အာရှတွင် အလှပဆုံးလမ်းတစ်လမ်းဖြစ်ခဲ့သည်ကို သိရှိမှတ်သားဖူးပါသည်။

ထိုလမ်းမသည် ရှေးမြန်မာမင်းများလက်ထက်ကတည်းက လူသွားလမ်းအဖြစ်တည်ရှိခဲ့ပြီး ၁၉၃၇ ခုနှစ်သို့ရောက်သောအခါ ဆရာတော်ဦးဝိစာရကို အမှတ်တရဂုဏ်ပြုသောအားဖြင့် ဦးဝိစာရလမ်းဟူ၍ စတင်အမည်တွင်ခဲ့ခြင်းဖြစ်ပါသည်။ ဦးဝိစာရလမ်းအရှည်သတ်မှတ်ချက်မှာ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၏အဆုံး ကမာရွတ်မြို့နယ်၏အစ ဟံသာဝတီအဝိုင်းမှ စတင်ခဲ့ပြီး ရန်ကုန်မြို့ ဒဂုံမြို့နယ်အဆုံး လမ်းမတော်မြို့နယ်အစ ရန်ကုန်မြို့တွင်း အဝင်တွင် အဆုံးသတ်ပါသည်။ ရှည်လျား၍လှပသော ဦးဝိစာရလမ်းတွင် လှပစွာပေါက်ရောက်ရှင်သန်နေသော ရေတမာပင်လေးများမှာ အဆိုပါ ၁၉၃၇ ခုနှစ်မှ အစပြုခဲ့သည်ဟု အကြမ်းဖျဉ်း အဆိုပြုပါလျှင် ယခုအခါ ထိုအပင်များ၏ သက်တမ်းသည် နှစ်ပေါင်း ၇၅ နှစ်ခန့် ရှိပြီဖြစ်သည်။

မိမိတို့လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့်က မြင်တွေ့ခဲ့ရသော အနေအထားအရ ထိုရေတမာပင်များသည် သက်တမ်းအနှစ် ၂၀ ကျော်ခန့်ရှိပြီဖြစ်၍ ယင်းအဆိုမှာ မှန်ကန်ပါသည်။ လမ်းအကျယ် ၄၄ ပေရှိပြီး ယာဉ်သွားလမ်း တစ်ဖက်ယာဉ်နှစ်စီးစာဖြင့် အသွားအပြန် လေးလမ်းသွားဖြစ်ပါသည်။ ထိုလေးလမ်းသွားတွင် လမ်းလယ်ကျွန်းမှ မြက်ခင်းစိမ်းစိမ်းများနှင့် ခိုင်ခံ့ခြင်း၊ လှပခြင်း၊ ရွက်ကြွေနည်းခြင်းတို့နှင့် ပြည့်စုံသော ရေတမာပင်တန်းမှာ မျက်စိတစ်ဆုံး ကြည်နူးဖွယ်ကောင်းလှပါသည်။ ပြင်းထန်လှသော နာဂစ်မုန်တိုင်းကာလက လေအဟုန်ကြောင့် ရန်ကုန်မြို့ရှိ သစ်ပင်ကြီးများ ပျက်စီးဆုံးရှုံးခဲ့ရသော်လည်း ဦးဝိစာရလမ်းမှ ခိုင်ခံ့လှသည့် ရေတမာပင်များမှာ မုန်တိုင်းကို အန်တုနိုင်ခဲ့ကြသည်။

ရေတမာပင်တန်းအလှ၊ ကြည်ညိုဖွယ် ရွှေတိဂုံစေတီတော်မြတ်ကြီး၊ ရန်ကုန်မြို့ပြည်သူ့ဥယျာဉ်၊ ဟံသာဝတီအဝိုင်း၊ ဦးဝိစာရအဝိုင်းနှင့် ကန်တော်မင်္ဂလာပန်းခြံတို့သည် ဦးဝိစာရလမ်း၏ ကျက်သရေကို ပိုမိုတိုးမြှင့်တင့်တယ်စေသဖြင့် အရှေ့တောင်အာရှ၏ အလှဆုံးလမ်းအဖြစ် ခေါ်ဆိုထိုက်ခဲ့ခြင်းဖြစ်ပါသည်။ ယခုအခါ ရန်ကုန်မြို့ကို အရှေ့တောင်အာရှ၏ အလှဆုံးစာရင်းဝင်မြို့တစ်မြို့အဖြစ် ပြန်လည်ဖော်ထုတ်လျက်ရှိရာ ထိုရေတမာပင်တန်းအလှနှင့် ဦးဝိစာရလမ်းကို ထိန်းသိမ်းမြှင့်တင်ရန် လိုအပ်မည်ဟု ယူဆပါသည်။

ဦးဝိစာရလမ်းသည် ရန်ကုန်မြို့တွင်းသို့ ဝင်ပေါက်လမ်းသွယ်တစ်လမ်း ဖြစ်ပါသည်။ ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ မော်တော်ယာဉ် တင်သွင်းခွင့်များကို ခွင့်ပြုလိုက်သောအခါ ရန်ကုန်မြို့တွင် မော်တော်ယာဉ်များထူထပ်၍ လမ်းများပိတ်ဆို့မှုဖြစ်ပေါ်လျက်ရှိပါသည်။ ထပ်မံ၍ ကားအစီးရေ သုံးသိန်းကျော် တင်သွင်းခွင့်ပြုဦးမည်ဖြစ်ရာ အဆိုပါတိုးတက်မှုနှင့်အတူ ဖြစ်ပေါ်လာမည့် အခက်အခဲများကို ပြေလျော့စေရန်အတွက် လုပ်ဆောင်ဖွယ်ရာများကို သက်ဆိုင်ရာမှလုပ်ကိုင်လျက်ရှိသည်ကို တွေ့မြင်နေရပါသည်။ ထိုအထဲတွင် ဦးဝိစာရလမ်းလည်း အပါအဝင်ဖြစ်လာပါသည်။

ရန်ကုန်မြို့နေပြည်သူတို့က ဖော်ပြပါ လှပတင့်တယ်သည့် ဦးဝိစာရလမ်းကို မပျက်စီးလိုသည်မှာလည်း ဆန္ဒအမှန်ပင်ဖြစ်ပါသည်။ သို့ရာတွင် ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းစေရန်အတွက် ဦးဝိစာရလမ်းကို ချဲ့ထွင်ရာတွင် ဘယ်ကွေ့ကားများမလိုအပ်ဘဲ ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်နေသည့် ဦးဝိစာရလမ်း၏တစ်ခုတည်းသော မီးပွိုင့်နေရာတွင် လမ်းတိုးချဲ့ခြင်းနှင့် လမ်းသားခင်းခြင်းတို့ကို သက်ဆိုင်ရာက ဆောင်ရွက်ခဲ့ရာတွင် လမ်းဧရိယာနှင့် မလွတ်သည့် ရေတမာပင်ကြီး ၁၅ ပင်အား ဖယ်ရှားခဲ့သည်ကို တွေ့မြင်ခဲ့ရပါသည်။

သက်တမ်းရင့် အပင်ကြီးများဖြစ်၍ ရွှေ့ပြောင်းရန် မဖြစ်နိုင်သဖြင့် အနိစ္စသဘောကိစ္စချောသွားခြင်းသာဖြစ်ပါသည်။ ထိုအခါ လမ်းဝပွင့်သွားသဖြင့် ယာဉ်ကြောပိတ်ဆို့မှုမှလည်း လျော့နည်းသက်သာသွားခဲ့ပြီဖြစ်ပါသည်။ ဆုံးရှုံးခဲ့ရသော အပင်ကြီး ၁၅ ပင်အတွက်သာ သီရိမေ ဖြေသိမ့်မိပါသည်။သို့သော် ရန်ကုန်မြို့၏ အလှအပ ကျက်သရေဆောင်အဖြစ် ကျန်ရှိနေသေးသော ရေတမာပင်ကြီးများနှင့် ဦးဝိစာရလမ်းမကြီးကိုဖြင့် ပြည်သူများက ဆက်လက်မြတ်နိုးနေဦးမည်၊ သက်ဆိုင်ရာကလည်း ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နေဦးမည်ဟု သီရိမေမျှော်လင့်လျက်။ ။

ဦးဝိစာရလမ်း၏တစ်ခုတည်းသော မီးပွိုင့်နေရာတွင် လမ်းတိုးချဲ့ခြင်းနှင့် လမ်းသားခင်းခြင်းဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

❖ **ကျောဖုံးမှ**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် မေ ၁၁ ရက် နံနက် ၁၀ နာရီခွဲတွင် ခေတ္တတည်းခိုသည့် တိုကျိုမြို့ Hotel New Otani မှ နာရိတာလေဆိပ်သို့ ရောက်ရှိကြရာ ဂျပန်နိုင်ငံအထက်လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် Mr. Hanatani နှင့် တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးခင်မောင်တင်နှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ်ထွန်းထွန်းနှင့် ဝန်ထမ်းမိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။

(သတင်းစဉ်)

မော်တော်ယာဉ် တင်သွင်းခွင့်ပြုခြင်းနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်

၁။ နိုင်ငံသားများအနေနှင့် မိမိတတ်နိုင်သော ငွေကြေးဖြင့် မော်တော်ယာဉ် လွတ်လပ်စွာ ဝယ်ယူခွင့်ရရှိရေးအတွက် မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာကြီးကြပ်ရေးကော်မတီ၏ အစီအစဉ်တစ်ရပ်အနေဖြင့် မော်တော်ယာဉ်တင်သွင်းခွင့်များကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ မော်တော်ယာဉ် တင်သွင်းလိုသူ နိုင်ငံသားများသည် ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်ဆောင်ရွက်လိုပါက အောက်ပါနေရာများတွင် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နိုင်ငံခြားငွေလုပ်ငန်းဌာန၊ နေပြည်တော်

(ခ) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ရန်ကုန်

(ဂ) မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ရန်ကုန်နှင့် မန္တလေး

၃။ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်၍ အဆင်မပြေမှုနှင့် အကြံဉာဏ်ပေးလိုသည်များရှိပါက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဖုန်း-၀၆၇-၄၁၀၀၄၆ သို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း အသိပေးအပ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၁၃

ယနေ့နံနက် ၉ နာရီခွဲထိမိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပို၍ခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ မြင်းခြံမြို့၊ ညောင်ဦးမြို့နှင့် မင်းဘူးမြို့တို့တွင် ၄၂ ဒီဂရီစင်တီစီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ရေးမြို့တွင် ၂ ဒသမ ၂၁ လက်မ၊ ဘီးလင်းမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ ကျိုက္ခမီမြို့တွင် ၁ ဒသမ ၉၃ လက်မနှင့် လောင်းလုံမြို့တွင် ၁ ဒသမ ၃၄ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်မြို့ပြသယ်ယူပို့ဆောင်ရေး တိုးတက်ပြောင်းလဲရန်လိုအပ်နေပြီလား

အိရွှေစင်ဝင်း

လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ရန်ကုန်မြို့တော်၏ သယ်ယူပို့ဆောင်ရေးကဏ္ဍ၌ မော်တော်ယာဉ်ကိုသာ အမှီပြုအားထား သွားလာခဲ့ကြသည်မှာ ယနေ့တိုင်ပင် ဖြစ်သည်။ နှစ်စဉ်လူဦးရေတိုးပွားလာနေမှု၊ စီးပွားရေးမြို့တော် ရန်ကုန်ကို ပြောင်းရွှေ့အခြေချနေထိုင်လာသူဦးရေတိုးတက်များပြားလာမှုတို့နှင့်အတူ မော်တော်ယာဉ်အခြေပြု သယ်ယူပို့ဆောင်ရေးကဏ္ဍတွင်လည်း ယာဉ်စီးရေများ တဖြည်းဖြည်း များပြားလာခဲ့သည်။

မူလက စစ်ကျန်ဘတ်စ်၊ ဒေါ့ခ်ျ၊ ဂျီအမ်စီ၊ ဘီအမ်များကို အဆင့်ဆင့်အသုံးပြုခဲ့ကြရာမှ ယာဉ်အစီးရေနှင့် ခရီးသည်မမျှတမှုကြောင့် ကုန်တင်ယာဉ်များကို အသွင်ပြောင်းထားသည့် ဟိုင်းလတ်၊ ဒိုင်နာ၊ ကင်တာယာဉ်များကိုလည်း အသုံးပြုခဲ့ကြသေးသည်။ မြို့ပတ်ရထား ခရီးစဉ်ရှိသော်လည်း ပြောင်းလဲလာသည့် မြို့ကွက်အနေအထား၊ လူဦးရေသိပ်သည်းမှုနှင့် ရထားလမ်းသစ်ဖော်ဆောင်နိုင်မှုမရှိခြင်းတို့က မြို့ပတ်ရထားကို အားပြုစီးနင်းသူဦးရေမှာ မော်တော်ယာဉ်လောက်မများပြားပေ။ လိုအပ်ချက်ကြောင့် ယာဉ်အမျိုးမျိုးကို သုံးစွဲခဲ့ကြရပြီး ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းတွင် ပြည်ပ၌ အသုံးပြုပြီးဖြစ်သော စီးတီးဘတ်စ်ကြီးများ တင်သွင်းလာခဲ့မှုကြောင့် ခရီးသည်တင်ယာဉ်အစီးရေမှာ တိုးတက်များပြားလာခဲ့သည်။ တစ်နှစ်ထက်တစ်နှစ် ပြည်ပတွင် သုံးစွဲပြီးဖြစ်သော ယာဉ်များအပြင် ယာဉ်အသစ်များလည်း မှာယူတင်သွင်း၍ တိုးချဲ့ပြေးဆွဲလာကြရာတွင် လက်ရှိ အများပြည်သူသုံး ရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးတွင် ခရီးသည်တင်ယာဉ် အစီးရေ ၆၀၀၀ ကျော်ရှိလာခဲ့ပြီဖြစ်သည်။ စီးတီးဘတ်စ်ကြီးများ ရောက်ရှိလာပြီဖြစ်၍ ယခင်က လိုအပ်ချက်ကြောင့် သုံးစွဲနေရသည့် ဟိုင်းလတ်၊ ဒိုင်နာ၊ ကင်တာယာဉ်များနှင့် အိုမင်းနေသည့် စစ်ကျန်ဘတ်စ်ကြီးများ မြို့ပြင်ဘက် ယာဉ်လိုင်းများသို့ ပြောင်းရွှေ့သွားကြရသည်။ ပြည်ပမှရောက်ရှိလာသည့် ယာဉ်ကြီးများက နှစ်ရာကျပ်တန် အထူးယာဉ်ကြီးများအဖြစ် မြို့ပြယာဉ်လိုင်းများသို့ ဝင်ရောက်လာကြသည်။

တစ်ချိန်က လူဦးရေနည်း၊ မော်တော်ယာဉ်နည်းပါးပြီး ရှင်းလင်းပြေပြစ်သော ယာဉ်လမ်းကြောစနစ်များဖြစ်ခြင်းကြောင့် ရှုပ်ထွေးမှုမရှိ၊ စနစ်ကျသော သွားလာမှုများဖြစ်ခဲ့သော်လည်း တဖြည်းဖြည်း တိုးချဲ့ခဲ့သော ရန်ကုန်မြို့ ဧရိယာအနေအထား၊ တိုးပွားလာသော လူဦးရေတို့နှင့်ညီမျှအောင် ယာဉ်လိုင်းများ၊ မော်တော်ယာဉ်များ တိုးချဲ့ပြေးဆွဲလာခဲ့ရာ အိမ်နီးချင်းနိုင်ငံများလောက် ယာဉ်အစီးရေမများသော်လည်း ယာဉ်ကြောပိတ်ဆို့မှု၊ ရှုပ်ထွေးမှုများအပြင် စနစ်မကျသော စည်းကမ်းမဲ့သွားလာမှုများနှင့်လည်း ကြုံတွေ့လာကြရသည်။ ခရီးလမ်းကြောင်းတူ၊ ခရီးစဉ်ထပ်၊ ကန့်လန့်ဖြတ်ခရီးလမ်းများက ရန်ကုန်တွင် နေ့စဉ်သွားလာနေသူများပင် မျက်စိလည်ရှုပ်ထွေးကြရသည်။ မော်တော်ယာဉ်အခြေပြု သယ်ယူပို့ဆောင်ရေးကိုသာ အဆင်ပြေသလို တိုးချဲ့ဆောင်ရွက်ခဲ့သည့်အတွက် မော်တော်ယာဉ်နှင့် ပတ်သက်သည့် မတော်တဆမှုများကိုလည်း ရင်ဆိုင်လာကြရသည်။ ထိခိုက်ဒဏ်ရာရရှိမှု၊ သေဆုံးမှုများလည်း တိုးပွားများပြားလာခဲ့သည့်အတွက်လည်း အနာဂတ်တွင် တိုးပွားလာဦးမည့် လူဦးရေ၊ ယာဉ်အစီးရေတို့နှင့်အတူ အန္တရာယ်ကင်းရှင်းသော လမ်းများ၊ ယာဉ်များ၊ သွားလာမှုများဖြစ်ရေး အရေးကြီးသည်ဟု ကျွမ်းကျင်သူများက သုံးသပ်ကြသည်။ စနစ်ကျသော မော်တော်ယာဉ်အခြေပြု သယ်ယူပို့ဆောင်ရေးအတွက် မြို့ပြစီမံကိန်းများဖြင့် ကြိုတင်စီစဉ်ဆောင်ရွက်ရတော့မည်ဖြစ်ပြီး အခြားသော သယ်ယူပို့ဆောင်ရေးဖြစ်သည့် မီးရထား၏ အခန်းကဏ္ဍကိုလည်း တိုးမြှင့်နိုင်ရန် လိုအပ်သည်ဟု မြို့ပြရေးရာကျွမ်းကျင်သူများက သုံးသပ်နေကြသည်။

"ဒီကနေ ဟိုပြောင်း၊ ဟိုကနေ ဒီပြောင်း၊ ယာဉ်လိုင်းတွေတိုးလိုက်၊ လျှော့လိုက်မလုပ်ဘဲ မြို့ပြစီမံကိန်းတွေနဲ့ စနစ်ကျတဲ့ သယ်ယူပို့ဆောင်ရေးစနစ်ကို ပုံဖော်ဖို့သင့်နေပါပြီ။ ရန်ကုန်မြို့ ဧရိယာမှာရှိတဲ့ ယာဉ်အစီးရေက အိမ်နီးချင်းနိုင်ငံတွေနဲ့ယှဉ်ရင် အဆမတန်ကွာခြားနေပါတယ်။ ဒါပေမယ့် ရှုပ်ထွေးမှုကတော့ သူတို့ထက်သာနေပါတယ်။ လက်ရှိ ခရီးသည်တင်ယာဉ် ၆၀၀၀ ကျော်ကို နေ့စဉ်မြို့ပြလူဦးရေ ၃ ဒသမ ၄ သန်းကျော်လောက် အားပြုစီးနင်းနေကြတာပါ။ မီးရထားခရီးစဉ်တွေကိုတော့ တစ်နေ့လူဦးရေ တစ်သိန်းလောက်ပဲ စီးနင်းနိုင်ကြပါတယ်။ လမ်းပိုင်းအနေအထားအရ ရထားတစ်စင်းတောင် ထပ်ပြီး တိုးချဲ့ပြေးဆွဲလို့မရသေးတဲ့ အနေအထားမို့ မော်တော်ယာဉ်ကို အခြေပြုတဲ့ သယ်ယူပို့ဆောင်ရေးကိုပဲ အားကိုးနေကြရဦးမှာပါ။ ဒါကြောင့် ဒီအတိုင်းပဲ ခရီးသည်တင်ယာဉ်တွေ ထပ်ထပ်တိုးနေမလား၊ ဘတ်စ်ကား သီးသန့်လမ်းတွေဖော်ဆောင်မလား၊ နှစ်ထပ်လမ်းတွေ၊ ခုံးကျော်တံတားကြီးတွေ ဖော်ဆောင်မလားဆိုတာကို ပြင်ဆင်ရတော့မှာပါ။ တကယ်တော့ ရထားကိုအားပြုစီးနင်းနိုင်မယ်ဆိုရင် မော်တော်ယာဉ်နဲ့ ထိခိုက်မိတဲ့ အန္တရာယ်တွေလည်း လျော့ကျသွားနိုင်သလို ခရီးစရိတ်သက်သာမယ်၊ ယာဉ်ကြော ရှုပ်ထွေးပိတ်ဆို့မှုတွေလည်း သက်သာသွားနိုင်ပါတယ်။ ဒါပေမယ့် မြို့ပတ်ရထားခရီးစဉ်တွေက လက်ရှိရန်ကုန်မြို့ဧရိယာကို မလွှမ်းခြုံနိုင်တော့ဘဲ သီးသန့်လိုဖြစ်နေတဲ့အတွက် နောင်လာမယ့် သယ်ယူပို့ဆောင်ရေးကို ဘယ်လို ကြိုတင်ပြင်ဆင်ထားရမလဲ သုံးသပ်ဖို့လိုပါပြီ"ဟု ယာဉ်ထိန်း အင်ဂျင်နီယာလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့် အငြိမ်းစားအရာရှိကြီးတစ်ဦးကဆိုသည်။

မော်တော်ယာဉ်ဖြင့် သယ်ယူပို့ဆောင်ရေးကိုသာ အဓိကအားထားနေသောကြောင့် စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် မော်တော်ယာဉ်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းများသာမက တစ်ဦးချင်း ပိုင်ဆိုင်သည့် ယာဉ်များဖြင့် ခရီးသည်သယ်ယူပို့ဆောင်သည့် လုပ်ငန်းများကို ဆောင်ရွက်လာကြရာ ယာဉ်လိုင်းများ များပြားခြင်းသာမက ယာဉ်ပိုင်ရှင်များ များပြားခြင်းတို့ကြောင့် ခရီးသည်များကို ဝန်ဆောင်မှုပေးရာတွင် အားနည်းမှုများရှိနေပြီး စီမံခန့်ခွဲမှုအပိုင်းတွင်လည်း အခက်အခဲများရှိနေသည်ဟုသိရသည်။ နိုင်ငံတကာမြို့ပြများနှင့် အိမ်နီးချင်းနိုင်ငံများရှိ မြို့ပြများတွင်မူ မြို့ပြသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို အစိုးရကဖြစ်စေ၊ အစိုးရက ထောက်ပံ့ကူညီပေးသည့် ပုဂ္ဂလိကကုမ္ပဏီများကဖြစ်စေ တာဝန်ယူဆောင်ရွက်ပြီး ခရီးစရိတ် သက်သာ၍ ဝန်ဆောင်မှုကောင်းသော မြို့ပြပို့ဆောင်ရေးလုပ်ငန်းများအဖြစ် စီမံဆောင်ရွက်ပေးထားကြသည်။

"အခုဆိုရင် ကားတွေကို ထပ်မံတင်သွင်းခွင့်ပြုလိုက်တဲ့အတွက်ကြောင့် ကားတွေအရင်ကထက် များလာဦးမှာပါ။ အဓိကကတော့ အများပြည်သူ သယ်ယူပို့ဆောင်ရေးတွေ ကောင်းမွန်ဖို့ပေါ့။ အများပြည်သူ သယ်ယူပို့ဆောင်ရေးက စင်ကာပူမှာဆို ကိုယ်ပိုင်ကားစီးစရာမလိုအောင် ကောင်းမွန်တယ်။ လူတစ်ယောက် ကားတစ်စီးဆိုတာထက် လူတိုင်း လုံခြုံချောမွေ့စွာနဲ့ သွားလာနိုင်ဖို့ အရေးကြီးပါတယ်။ ဒီအတွက် အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်ကို တိုးတက်ပြောင်းလဲဖို့ လိုအပ်နေပါပြီ" ဟု မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနမှ အငြိမ်းစား ညွှန်ကြားရေးမှူးတစ်ဦးက သုံးသပ်သည်။

စီးပွားရေးမြို့တော်ဖြစ်သည်နှင့်အညီ ရွှေ့ပြောင်းအခြေချ နေထိုင်သူများကြောင့်လည်း လူဦးရေ၊ ယာဉ်အစီးရေ တိုးတက်များပြားလာလျက်ရှိသော ရန်ကုန်မြို့တော်အား တိုးတက်ပြောင်းလဲသော အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်ကို စတင်ပုံဖော်သင့်ပြီဖြစ်ကြောင်း စီးပွားရေးပညာရှင်များနှင့် မြို့ပြရေးရာကျွမ်းကျင်သူများက သုံးသပ်နေကြသည်။ ။

ယာဉ်ကြော ပိတ်ဆို့မှု၊ ရှုပ်ထွေးမှုများအပြင် စနစ်မကျသော စည်းကမ်းမဲ့ သွားလာမှုများနှင့်လည်း ကြုံတွေ့လာကြရသည်။

ဂီတပွဲတော် ကျင်းပ

မန္တလေး မေ ၁၃

မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်းကကြီးမှူး၍ တေးပြုစာဆို ဦးဘသိန်း(မန္တလေး) အနှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဂီတဖျော်ဖြေပွဲကို မေ ၃ ရက် ည ၇ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၁ လမ်းနှင့် ၈၆ လမ်းထောင့် ပုလဲငွေရောင်ရပ်ရှိ မြို့မအပျော်တမ်းတူရိယာအသင်းတိုက်၌ ကျင်းပသည်။

တေးပြုစာဆို ဦးဘသိန်း(မန္တလေး) ရာပြည့်အထိမ်းအမှတ် ဂီတပွဲတော်တွင် မြို့မအသင်းနှင့်အတူ အဆိုတော်များက ဦးဘသိန်းရေးသားခဲ့သော ဧည့်ခံတေး၊ ရုပ်ရှင်နောက်ခံတေး၊ သကြိုန်တေးများကို သီဆိုဖျော်ဖြေကြပြီး သန်းမြတ်စိုးက တေးပြုစာဆို ဦးဘသိန်း(မန္တလေး) ဖြတ်သန်းခဲ့သော ဂီတအနုပညာဘဝ အတွေ့အကြုံများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆရာကြီး ဦးဘသိန်း(မန္တလေး) ရေးသားခဲ့သော သီချင်းများအနက် ရွှေမန်းဆီသို့၊ ပုန်းတလုတ်ကန်၊ သူကလေး၊ မြို့မသဝဏ်လွှာ၊ တူရိယာလုလင်တို့သည် အထူးထင်ရှားခဲ့သည်။ တေးပြုစာဆို ဦးဘသိန်း(မန္တလေး)သည် ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၃၀ရက် အသက်(၉၉)နှစ်တွင် ကွယ်လွန်ခဲ့ကြောင်းသိရသည်။

ကိုကိုကြီး(မန္တလေး)

မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲ ပွဲကြိုသုံးသပ်ချက်

ရောဝတီယူနိုက်တက် - ဇေယျာရွှေမြေ
(သုဝဏ္ဏကွင်း) ၁၄-၅-၂၀၁၂ ညနေ ၄ နာရီ

ဒီတစ်ပတ်ရဲ့ နောက်ထပ်ပွဲကြီးပွဲကောင်းတစ်ပွဲဖြစ်ပြီး ချန်ပီယံပြေးလမ်းပေါ်မှာ ရှိနေတဲ့ အသင်းနှစ်သင်း ထိပ်တိုက်တွေ့ဆုံတဲ့ပွဲလည်း ဖြစ်ပါတယ်။ ပထမအကျော့ မုံရွာမှာ တွေ့ဆုံခဲ့တဲ့ပွဲမှာတော့ ဇေယျာရွှေမြေအသင်းက ၁-၀ ရလဒ်နဲ့ ရောဝတီအသင်းကို အနိုင်ယူထားခဲ့ပါတယ်။ မနှစ်က ရှုံးပွဲမရှိ စံချိန်နဲ့ ဒုတိယရခဲ့တဲ့ ရောဝတီအသင်းကတော့ ယခုနှစ်ပြိုင်ပွဲမှာ ပုံမှန်ခြေစွမ်းရအောင် အသည်းအသန်ရုန်းကန်နေရပါတယ်။ ဇေယျာရွှေမြေအသင်းကတော့ လူငယ်ကစားသမားအများအပြားကို အသုံးပြုတာကြောင့် ကစားအားကောင်းပေမယ့် အဝေးကွင်းပွဲတွေဆို ရုန်းကန်ရလေ့ရှိပါတယ်။ နှစ်သင်းစလုံးဟာ ၂၀၁၂ မြန်မာနေရှင်နယ်လိဂ်ရဲ့ ခံစစ်အကောင်းဆုံးအသင်းတွေဖြစ်ပြီး ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ကစားတတ်တဲ့အသင်းတွေဖြစ်ပါတယ်။ အဓိက တိုက်စစ်မှူး ဆာဆာ ပွဲပယ်ခံထားရတဲ့ ဇေယျာရွှေမြေအသင်းကတော့ ရှေ့တန်းအနည်းငယ် အားနည်းနိုင်ပြီး တစ်မှတ်စီခွဲယူရဖို့များတဲ့ပွဲ ဖြစ်ပါလိမ့်မယ်။

မနောမြေ - ဆောက်သမ်းမြန်မာ
(အောင်ဆန်းကွင်း) ၁၄-၅-၂၀၁၂ ညနေ ၄ နာရီ

ပထမအကျော့တွေ့ဆုံစဉ်မှာတော့ မနောမြေအသင်းက ၄-၀ နဲ့ ပြတ်ပြတ်သားသား အနိုင်ရရှိထားပါတယ်။ မနောမြေအသင်းဟာ လူငယ်ကစားသမားတွေ ခြေစွမ်းပြနိုင်တာရယ်၊ အသစ်ခေါ်ယူထားတဲ့ နိုင်ငံခြားကစားသမားတွေရဲ့ အစွမ်းတွေရယ်ကြောင့် ဒီနှစ်မှာထူးထူးခြားခြား ခြေစွမ်းပြနေနိုင်တဲ့အသင်းတစ်သင်း ဖြစ်ပါတယ်။ ဆောက်သမ်းအသင်းကတော့ နိုင်ငံခြားကစားသမားတွေမပါဘဲ ပြည်တွင်းကစားသမားတွေနဲ့သာ ဖွဲ့စည်းထားပြီး ခြေစွမ်းမာကျော့ပေမယ့် ရလဒ်တွေမကောင်းတာကို တွေ့ရပါတယ်။ ဒါပေမယ့် ဆောက်သမ်းနည်းပြ ကင်ဝေါ်ဒန်ရဲ့အစွမ်းကို လျှော့တွက်လို့မရတာကြောင့် ဒီတစ်ကြိမ်တွေ့ဆုံမှုမှာတော့ မနောမြေနိုင်ခဲ့ရင်တောင် ဂိုးမပြတ်နိုင်ဘူး။

ဇွဲကပင် - နေပြည်တော်
(အောင်ဆန်းကွင်း) ၁၅-၅-၂၀၁၂ ညနေ ၄ နာရီ

ဇွဲကပင်အသင်းကတော့ ပထမအကျော့ပွဲစဉ်တွေပြီးဆုံးခါနီးမှာ ခြေစွမ်းပြခဲ့တဲ့အသင်းဖြစ်ပြီး အရင်နှစ်က ရာသီတွေထက် ခြေစွမ်းပိုမိုကောင်းမွန်လာပါတယ်။ ရတနာပုံနောက်ခံလူဟောင်း ဂနိုဆီယမ်လို ကစားသမားမျိုးကို ရရှိထားတာ အသင်းအတွက်တော်တော်အကျိုးရှိပါတယ်။ နေပြည်တော်အသင်းကတော့ ပထမအကျော့အစမှာ ရလဒ်တွေကောင်းခဲ့ပေမယ့် တဖြည်းဖြည်းနဲ့ခြေစွမ်းကျလာပြီး အမှတ်လျှော့ခဲ့ရပါတယ်။ ဒါပေမယ့်လည်း ချန်ပီယံပြေးလမ်းကြောင်းထဲမှာ ရှိနေတဲ့အသင်းပီပီ အမှတ်သုံးမှတ်ရအောင် အစွမ်းကုန်ကြိုးစားသွားမှာဖြစ်ပြီး ဇွဲကပင်အသင်းကလည်း တန်းမဆင်းရရေးအတွက် သရေတစ်မှတ်ရအောင် ခုခံကစားသွားမှာဖြစ်တဲ့အတွက် ပွဲကောင်းတစ်ပွဲဖြစ်လာမှာပါ။ မထင်မှတ်ဘဲ သရေကျသွားနိုင်ပြီး နေပြည်တော်နိုင်ရင်တောင် ဂိုးမပြတ်နိုင်ဘူး။

ဇော်မင်းအောင်(၁၀၇)

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

ပိတ်ချင်းမြောင် မဟာနန္ဒမူလိုဏ်ဂူအတွင်းရှိ အလှူခံပုံးမှ အလှူငွေများ ခိုးယူ

ပြင်ဦးလွင် မေ ၁၃

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအုပ်စု ပိတ်ချင်းမြောင်ရဲတပ်ဖွဲ့စခန်းအပိုင် ပိတ်ချင်းမြောင် မဟာနန္ဒမူလိုဏ်ဂူအတွင်းရှိ အလှူခံခုနစ်ပုံးအနက် ငါးပုံးအတွင်းမှ အများပြည်သူများ လှူဒါန်းထားရှိသော အလှူငွေများ ခိုးယူခံရမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ပိတ်ချင်းမြောင် မဟာနန္ဒမူလိုဏ်ဂူအဝင်ဝ တံခါးကြီးပွင့်နေကြောင်း ပြည်သူများ၏ သတင်းပေးချက်အရ ပိတ်ချင်းမြောင်မဟာနန္ဒမူလိုဏ်ဂူဂေါပကအဖွဲ့ဝင် ဝန်ထမ်း ဦးအုန်းမောင်နှင့် ဦးမောင်ဝင်းတို့က ဂေါပကအဖွဲ့ဝင်များနှင့် သွားရောက်စစ်ဆေးရာ မဟာနန္ဒမူလိုဏ်ဂူအဝင် ကိုးတောင်ပြည့်စေတီတော် အနီးဝန်းကျင်၌ ထားရှိသော အလှူခံပုံး ခုနစ်ပုံးအနက် ငါးပုံးအတွင်းမှ အလှူငွေများ ဖောက်ထွင်းခိုးယူခံရကြောင်း တွေ့ရှိရသည့်အတွက် ဂေါပကအဖွဲ့ဝင်များက ပိတ်ချင်းမြောင်ရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့သည်။ ရဲစခန်းမှ (ပ)၂၂/၂၀၁၂ ပြစ်မှုပုဒ်မ ၃၇၉ အရ အရေးယူထားပြီး အများပြည်သူများလှူဒါန်း ထားရှိသော အလှူငွေများ ခိုးယူသွားသောတရားခံအား အမြန်ဆုံးဖမ်းဆီးအရေးယူနိုင်ရန် ပိတ်ချင်းမြောင်ရဲစခန်းမှ ဒုတိယရဲအုပ်သန်းထိုက်နှင့်အဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ (၆၁၃)

လမ်းကြိတ်စက်ပြင်နေသူသုံးဦးအား ဆယ်ဘီးကားဝင်တိုက်၊ တစ်ဦးသေဆုံး

ရေတာရှည် မေ ၁၃

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကျွန်းကုန်းကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၁၃၈/၆ နှင့်၇) အကြားတွင် မေ ၇ ရက် ည ၁၁ နာရီခွဲခန့်က မြောက်မှတောင်သို့ ယာဉ်မောင်း ဇော်မင်း(ခ) မင်းမင်း (၃၃)နှစ် (ဘ) ဦးချစ်အောင် ရွှေပြည်ရန်လုံ အမှတ်(၃) ရပ်ကွက် ပျော်ဘွယ်မြို့နေသူ မောင်းနှင်လာသော ယာဉ်အမှတ် ၂ခ/. . . . . နီဆန်းဒီဇယ်ဖြူပြာရောင် ၁၀ ဘီးယာဉ်သည် အရှိန်လွန်၍ လမ်း၏နောက်ဘက်ဘေးတွင် ရပ်ပြီးစက်ပြင်နေသူ သုံးဦးအား ဝင်တိုက်ခဲ့ရာ တစ်ဦး နေရာတွင်ပင်သေဆုံးကာ နှစ်ဦးဒဏ်ရာရရှိခဲ့သည်။

လမ်းဘေးတွင်စက်ပြင်နေသူ သာအေး(၃၀)နှစ် (ဘ)ဦးစောထွန်းစိန် (၁၈)ရပ်ကွက် တောင်ငူမြို့နေသူသည် ဦးခေါင်းကြေမွ၍ နေရာတွင်ပင် သေဆုံးကာ ဦးတင်မောင်ထွန်း အသက်(၃၆)နှစ် (ဘ)ဦးတင်ဝင်း (၁၃)ရပ်ကွက် တောင်ငူမြို့နှင့် တစ်ရပ်ကွက်တည်းနေ ဦးသောင်း အသက်(၄၅)နှစ်(ဘ) ဦးသာလှတို့တွင် ဒဏ်ရာများရရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ဇော်မင်း(ခ) မင်းမင်းအား ကျွန်းကုန်းရဲစခန်းမှ(ပ)၆/၂၀၁၂ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄-က/၃၃၇ တို့အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (၅၇၈)

ပြည်တွင်းပြည်ပအားကစားသတင်း ပြည်တွင်းပြည်ပအားကစားသတင်း ပြည်တွင်းပြည်ပအားကစားသတင်း ပြည်တွင်းပြည်ပအားကစားသတင်း

ဦးဆောင်ဂိုးများကို မထိန်းနိုင်၍ ကမ္ဘောဇကို ရန်ကုန် အမှတ်ခွဲပေးခဲ့ရ

ရန်ကုန် မေ ၁၃

MNL Myanmar 2012 အမှတ်ပေး ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ်(၁၄) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

(သုဝဏ္ဏကွင်း)
ရန်ကုန်ယူနိုက်တက်-နှစ်ဂိုး
(ဆီဇာ)
ကမ္ဘောဇ-နှစ်ဂိုး
(အိုဘီနှင့် နူနက်ဇ်)

လက်ရှိချန်ပီယံ ရန်ကုန်အနေဖြင့် အမှတ်ပြည့်ရရန် အခြေအနေကောင်းခဲ့သော်လည်း ဦးဆောင်ဂိုး နှစ်ဂိုးကို မထိန်းနိုင်၍ ကမ္ဘောဇကို အမှတ်ခွဲပေးခဲ့ရခြင်းဖြစ်သည်။ တိုက်စစ်မှူးအသစ်များဖြစ်သည့် ဆီဇာနှင့် နယူးအူချီတို့၏အတွဲဖြင့် ပထမပိုင်းတွင် ရန်ကုန်အသင်း ဖိကစားနိုင်ခဲ့ပြီး ဘရာဇီးတိုက်စစ်မှူး ဆီဇာက ၁၁ မိနစ်နှင့် ၃၅ မိနစ်တွင် ဂိုးများ စတင်သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် ရာသီဝက်ချန်ပီယံ ကမ္ဘောဇတို့ ကစားပုံပြန်ကောင်းလာပြီး ၅၂ မိနစ်တွင် ရန်ကုန်တိုက်စစ်မှူးဟောင်း အိုဘီက ပထမချေပဂိုး၊ ပွဲပြီးခါနီးတွင် နူနက်ဇ်က ဒုတိယချေပဂိုးတို့ကို သွင်းယူခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ
ရှိုင်းထက်ဇော်

(အောင်ဆန်းကွင်း)
ရတနာပုံ - လေးဂိုး
(ကိုနေး-နှစ်ဂိုး၊ ဒီဂျမ်းနှင့် ရန်ပိုင်-တစ်ဂိုးစီ)
မောရဝတီ-ဂိုးမရှိ

ယနေ့ပွဲ
(သုဝဏ္ဏကွင်း)
ရောဝတီယူနိုက်တက် - ဇေယျာရွှေမြေ
(အောင်ဆန်းကွင်း)
မနောမြေ-Southern

ရန်ကုန် ယူနိုက်တက်အသင်းအတွက် ဒုတိယဂိုးကို ဆီဇာက ဤသို့ သွင်းယူလိုက်စဉ်။

ယူရို ၂၀၁၂ ပြိုင်ပွဲ၌ အုပ်စု(A) အဖွင့်ပွဲစဉ်အဖြစ် ပိုလန်အသင်းနှင့် ဂရိအသင်းတို့ စတင်ယှဉ်ပြိုင်မည်

ပိုလန်(ဝါဆော) မေ ၁၃

ယူအီးအက်ဖ်အေက ကြီးမှူးကျင်းပသော ယူရို ၂၀၁၂ ပြိုင်ပွဲများ၏ အုပ်စုများနှင့် အုပ်စုပွဲစဉ်များကို မဲခွဲဆုံးဖြတ်ပြီးနောက် အုပ်စု (A) ၏ ချက်သမ္မတနိုင်ငံအသင်း၊ ဂရိနိုင်ငံအသင်း၊ ပိုလန်နိုင်ငံအသင်း**(ယာပုံ)**နှင့် ရုရှားနိုင်ငံအသင်းတို့သည် တစ်အုပ်စုတည်းကျရောက်ခဲ့သည်။

အဆိုပါ အုပ်စု (A) ၏ အဖွင့်ပွဲစဉ်တွင် ပိုလန်အသင်းနှင့် ဂရိအသင်းတို့သည် ဇွန် ၈ ရက် (သောကြာနေ့)တွင် စတင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပိုလန်အသင်းသည် အုပ်စုပွဲစဉ် မစတင်မီ မေ ၂၂ ရက် (အင်္ဂါနေ့)တွင် လက်ဗီးယားအသင်းနှင့် ချစ်ကြည်ရေး ခြေစမ်းပွဲကစားမည်ဖြစ်သည်။

ပိုလန်အသင်းသည် ယူရို ၂၀၁၂ ပြိုင်ပွဲအကြို ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် ပေါ်တူဂီအသင်းနှင့် ယှဉ်ပြိုင်ခဲ့ရာ ဂိုးမရှိသရေဖြစ်ခဲ့သည်။ ပိုလန်အသင်းသည် အုပ်စု (A) ပွဲစဉ်များအဖြစ် ဇွန် ၁၂ ရက်(အင်္ဂါနေ့)တွင် ရုရှားအသင်းနှင့် လည်းကောင်း၊ ဇွန် ၁၆ ရက် (စနေနေ့)တွင် ချက်အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပိုလန်အသင်းနှင့် ဂရိအသင်းတို့သည် ဝါဆောအမျိုးသား အားကစားကွင်း၌ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပိုလန်အသင်းနည်းပြ ဖရန်ဆစ်ဆမူဒါသည် ယူရို ၂၀၁၂ ပြိုင်ပွဲအတွက် ပဏာမကစားသမား ၂၃ ဦးစာရင်းကို မေ ၂၇ ရက်တွင် ကြေညာရန် သတ်မှတ်ထားပြီး ဂိုး-ဖာဘာရီယန်စကီ၊ တိုက်တွန်၊ နောက်တန်း-ဘိုးနစ်ချ်၊ ကာမီလ်ဂလစ်၊ ကာမင်စကီ၊ ပါကွစ်၊ ဝေါ့ဇ်နိတ်၊ အလယ်တန်း-ဒတ်တာ၊ ဂရိဆစ်ကီ၊ မာရောစကီ၊ အိုဗရာနိတ်၊ ပိုလန်စကီ၊ ရှေ့တန်း-ကူချာချက်၊ လီဝန်ဒိုစကီ၊ ဆိုဘီချ စသည့် ကစားသမားများ ပါဝင်မည်ဟု ယခုလအစောပိုင်းက ပြောကြားခဲ့သည်။

အင်တာနက်။

အင်္ဂလန်နောက်တန်း ကစားသမား စမောလင်း။

ယူရို ၂၀၁၂ ပြိုင်ပွဲနှင့် လွဲချော်ဖွယ်ရှိသည့် အင်္ဂလန်နောက်တန်းကစားသမား စမောလင်း

မန်ချက်စတာ မေ ၁၃

မန်ယူနှင့် အင်္ဂလန်နောက်တန်းကစားသမား ခရစ်စမောလင်းသည် ပေါင်ခြံဒဏ်ရာ ရရှိထားသဖြင့် ယူရို ၂၀၁၂ ပြိုင်ပွဲတွင် အင်္ဂလန်အသင်း၌ ပါဝင်ကစားရမည့် အခွင့်အရေးလက်လွတ်ရတော့မည်ဖြစ်ကြောင်း မေ ၁၃ ရက် အားကစားသတင်းတစ်ရပ်က ဖော်ပြသည်။

ပရီမီယာလိဂ်ကလပ်မန်ယူနောက်တန်းကစားသမား စမောလင်းသည် ပြီးခဲ့သည့် စနေနေ့က ဆွမ်ဆီးအသင်းအား နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ပေါင်ခြံဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

စမောလင်း၏ ပေါင်ခြံကြွက်သားဒဏ်ရာမှာ ပြင်းထန်သည့်အခြေအနေရှိခြင်းကြောင့် စမောလင်းသည် ယူရို ၂၀၁၂ ပြိုင်ပွဲနှင့် လွဲချော်မည်မှာ သေချာကြောင်း မန်ယူအသင်းနည်းပြ ဆာအဲလက်စ်ဖာဂူန်ဆန်က ပြောကြားခဲ့သည်။

စမောလင်းသည် နောက်တန်းအလယ်နှင့် နောက်တန်းညာ စသည့်နေရာများတွင် အကောင်းဆုံးခြေစွမ်းပြ ကစားနိုင်ခဲ့သူဖြစ်သည်။ စမောလင်းသည် ၎င်း၏ ဘောလုံးသမားဘဝကို ဖူလ်ဟမ်အသင်း၌ စတင်ခဲ့ပြီး ၂၀၁၀ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ အသက် (၂၂)နှစ်အရွယ်ရှိ မန်ယူနောက်တန်း ကစားသမား စမောလင်းသည် အင်္ဂလန် အသက်(၂၀)နှင့် (၂၁)နှစ်အောက် အသင်းများတွင် ပါဝင်ကစားခဲ့သူဖြစ်သည်။

သို့သော် အင်္ဂလန်နည်းပြသစ် ရိုင်းဟော့ဆန်က ယူရို ၂၀၁၂ ပြိုင်ပွဲအတွက် အသင်း၏ လူစာရင်းကို မေ ၁၆ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကြေညာမည်ဖြစ်ကာ အဆိုပါ လူစာရင်း၌ စမောလင်းပါဝင်လာဖွယ်မရှိကြောင်း မေ ၁၃ ရက် သတင်းတစ်ရပ်က ဖော်ပြသည်။

အင်တာနက်။

နိုင်လင်းကြည်

လင်မယားရန်ဖြစ်ရာမှ ခင်ပွန်းဖြစ်သူသေဆုံး

ဝမ်းတွင်း မေ ၁၃

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် လိန်ပင်ကျေးရွာ၌ မေ ၁၀ ရက်က ရက်ကန်းလုပ်ငန်းလုပ်ကိုင်သူ ဝင်းသိန်း (၃၄) နှစ်နှင့် ဇနီးဖြစ်သူ မမြိုင် (၃၀) နှစ်တို့ စကားများရန်ဖြစ်ကြသည်ဆို၏။ ဝင်းသိန်းသည် ဇနီးဖြစ်သူအား ယခင်ကတည်းက အနိုင်ကျင့်နှိပ်စက်ခဲ့သည့်အပြင် ယခုလည်း ဝင်းသိန်းက မမြိုင်အား လည်ပင်းညှစ် ပါးရိုက်၍ တစ်စုံတစ်ခုဖြင့် ကောက်ရိုက်ရန်ယူနေစဉ် မမြိုင်က ရက်ကန်းစင်မော်တာခုံပေါ်တင်ထားသည့် တစ်ပေခန့်ရှိ သံတုတ်ဖြင့် ပစ်ပေါက်လိုက်ရာ ဝင်းသိန်း၏ဦးခေါင်းအား ထိမှန်ပြီး ဝင်းသိန်းမှာ လဲကျသွားသည်ဆို၏။ မမြိုင်က ကျေးရွာရာအိမ်မှူး ဦးသိန်း(ခ) ဦးဟန်သိန်းအား သွားရောက်တိုင်ကြားသဖြင့် သွားရောက်စစ်ဆေးရာ ဝင်းသိန်းမှာ ဦးခေါင်းပေါက်ပြဲ ဒဏ်ရာဖြင့် လဲကျသေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရသည်။ ဦးသိန်းက တရားလို ပြုလုပ်၍ ဝမ်းတွင်းရဲစခန်းတွင် အမှုဖွင့်တိုင်ကြားရာ ရဲစခန်းက မမြိုင်အား (ပ)၉၈/၂၀၁၂ ပုဒ်မ ၃၀၄(က)ဖြင့် အမှုဖွင့်အရေးယူထားသည်။ (၁၁၁)

အင်္ဂလိပ်ပရီမီယာလိဂ် ပွဲစဉ် (၃၈) အနိုင်/အရှုံးရလဒ်

၁၃ - ၅ - ၂၀၁၂

ချယ်လ်ဆီး	၂ - ၁	ဘလက်ဘန်း
အဲဗာတန်	၃ - ၁	နယူးကာဆယ်
မန်စီးတီး	၃ - ၂	ကျူပီအာ
နော့ဝစ်ချ်	၂ - ၀	ဗီလာ
စတုတ်စီးတီး	၂ - ၂	ဘော်လ်တန်
ဆန်းဒါးလန်း	၀ - ၁	မန်ယူ
ဆွမ်ဆီး	၁ - ၀	လီဗာပူး
စပါး	၂ - ၀	ဖူလ်ဟမ်
ဝက်စ်ဘရွန်း	၂ - ၃	အာဆင်နယ်
ဝီဂန်	၃ - ၂	ဝုလ်ဗာဟမ်တန်

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဂျပန်ဝန်ကြီးချုပ်နှင့် တွေ့ဆုံ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ထွန်းကားရေးနှင့် မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုဖွံ့ဖြိုးခိုင်မြဲရေးဆွေးနွေး

နေပြည်တော် မေ ၁၃

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရိုရှိဟီကို နိုဒနှင့် မေ ၁၀ ရက် ညနေ ၆ နာရီ ၄၅ မိနစ်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ဝန်ကြီးချုပ်ရုံးဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဂျပန်နိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံ၌ ဆောင်ရွက်နေသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များကို လေးစားကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံသမ္မတကြီး ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိစဉ်က မြန်မာအပေါ်ထားရှိသည့် ဂျပန်နိုင်ငံ၏ စီးပွားရေးမူဝါဒများနှင့်စပ်လျဉ်း၍ အဓိကထားဆွေးနွေးခဲ့ကြကြောင်း၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် ဂျပန်နိုင်ငံက ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမှာ အရေးကြီးကြောင်း၊ ဂျပန်-မြန်မာ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို စာချုပ်ချုပ်ဆိုနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားရန်လည်း အရေးကြီးကိစ္စတစ်ရပ်အဖြစ် ထင်မြင်ယူဆပါကြောင်း၊ လွှတ်တော်က ကူညီပံ့ပိုးပေးရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ဂျပန်-မြန်မာ ချစ်ကြည်ရင်းနှီးမှု အဓွန့်ရှည်ခိုင်မြဲရေးအတွက် နှစ်ရှည်လများ ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံတော်အဆင့် တာဝန်ရှိသူများနှင့် မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌတို့အားလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအရေး၊ အမျိုးသားပြန်လည်စည်းလုံးရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် ဂျပန်နိုင်ငံက အစဉ်အမြဲ ထောက်ခံအားပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ဒီမိုကရေစီစနစ်တစ်ရပ် ဖော်ဆောင်ရာတွင် လွှတ်တော်၏အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ထွန်းကားရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရန် လွှတ်တော်ကိုယ်စားလှယ်အားလုံးက သန္နိဋ္ဌာန်ချထားကြပါကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင်လည်း ဒီမိုကရေစီစနစ်ဖြင့်သာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်အစိုးရက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ကို အားသွန်ခွန်စိုက် ဆောင်ရွက်နေပါကြောင်း၊ မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံက မြန်မာပညာတော်သင်များအား လက်ခံသင်ကြားပေးနေသည်ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာ-ဂျပန်နှစ်နိုင်ငံ၏ ခိုင်မြဲသော ဆက်ဆံရေးသည် မိမိတို့နိုင်ငံ လွတ်လပ်ရေးမရမီကတည်းက ရှိခဲ့၍ သမိုင်းကြောင်းလည်း ရှည်လျားပါကြောင်း၊ လွတ်လပ်ရေးရပြီးနောက် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို ၁၉၅၄ ခုနှစ်တွင်စတင်ခဲ့ရာ မကြာမီ နှစ်(၆၀)ပြည့်ခရီးသို့ ရောက်ရှိတော့မည် ဖြစ်ပါကြောင်း။

မကြာသေးမီက နိုင်ငံတော်သမ္မတကြီး လာရောက်ခဲ့သည့် ဂျပန်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း အဆွေတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံပြီး မြန်မာ-ဂျပန်နှစ်နိုင်ငံ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ဆက်ဆံရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်ခိုင်မြဲစေရန် ကဏ္ဍသစ်တစ်ရပ် ထပ်မံဖွင့်လှစ်နိုင်ခဲ့၍ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယခု မိမိဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၏ ဂျပန်နိုင်ငံခရီးစဉ်၌လည်း အစစအရာရာ အဆင်ပြေချောမွေ့အောင် စီစဉ်ဆောင်ရွက်ပေးကြသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် ဂျပန်ဝန်ကြီးချုပ် မစ္စတာ ရိုရှိဟီကို နိုဒ တို့ တိုကျိုမြို့ရှိ ဝန်ကြီးချုပ်ရုံးဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် J Power, Isogo ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ လေ့လာ

နေပြည်တော် မေ ၁၃

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မေ ၁၀ ရက် နံနက် ၉ နာရီတွင် ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့ရှိ J Power, Isogo ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်လေ့လာသည်။

ရှေးဦးစွာ စက်ရုံရှင်းလင်းဆောင်၌ ကုမ္ပဏီဥက္ကဋ္ဌ မစ္စတာ ဟီတမူရက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ တာဝန်ရှိသူများက ကျောက်မီးသွေးဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်သော်လည်း အဆင့်မြင့်နည်းပညာကို အသုံးပြုထားသည့် စက်ရုံဖြစ်ကြောင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အဓိကထားသည့် စက်ရုံဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးမေးမြန်းကြပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဂျပန်နိုင်ငံ အောက်လွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ် Mr. Takeda Ryota အား တိုကျိုမြို့ရှိ Hotel New Otani ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ဂျပန် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

ညပိုင်းတွင် တိုကျိုမြို့ရှိ OMOTENASHI RESORT ၌ ဂျပန်နိုင်ငံ ကျူးရှူးခရိုင်မြောက်ပိုင်း မိုဂျိမြို့ ကမ္ဘာအေးဘုရားအတွက် အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဥက္ကဋ္ဌ ဗုဒ္ဓဘာသာသာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ငွေကျပ်သိန်း ၃၀၀ နှင့် အမျိုးသားလွှတ်တော်သတ္တုနှင့် သယံဇာတရေးရာကော်မတီဥက္ကဋ္ဌ ဦးနေဝင်းထွန်းက ဂျပန်ယန်းငွေတစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ မိုဂျိမြို့ ကမ္ဘာအေးဘုရား အုပ်ချုပ်မှုဒါရိုက်တာ Mr. Akira HACHIYA က လက်ခံသည်။

စာမျက်နှာ ၉ ကော်လံ ၆ သို့❖

ပြည်ထောင်စု လွှတ်တော်နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အဖွဲ့ ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့ရှိ J Power, Isogo ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ ကြည့်ရှုလေ့လာကြစဉ်။
(သတင်းစဉ်)